ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

သွားလေရာအရပ်၌
အပူဇော်ခံရ

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပဂိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် ကြာသပတေးနေ့။ Thursday, 5 March 2026 ၁၂၁၂

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလုယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စာဆိုဗိမာန်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော စာဆိုဗိမာန်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ စာဆိုဗိမာန်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဧနီး တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ အနုပညာနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ဗုန်းမြတ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမောင်မောင်အုန်း၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က စာဆိုဗိမာန် RC သုံးထပ် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

၂၀၂၆ ခုနှစ် အာရှဖလား ယူ - ၁၇ အမျိုးသားဘောလုံး အသင်းနှင့် အိန္ဒိယအမျိုးသား ဘောလုံးအသင်းတို့ ခြေစမ်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၄

၂၀၂၆ ခုနှစ် အာရှဖလား ခြေစမ်းပွဲအောင်မြင်ထားသည့် မြန်မာယူ -၁၇ အမျိုးသား ဘောလုံးအသင်းနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသားဘောလုံးအသင်းတို့၏ အကြိုခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို မတ် ၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV Entertainment Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ယနေ့ ဖတ်စရာ

နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း — စာမျက်နှာ » ၃

မိုဘိုင်းလက်ကိုင်ဖုန်း၏ IMEI မှတ်ပုံတင်ခြင်းကို နိုင်ငံအများတွင်ဆောင်ရွက်နေမှုများ — ဆောင်းပါး စာမျက်နှာ » ၆

မြန်မာနိုင်ငံလူငယ်ရေးရာပဟိုကော်မတီ ညီနှိုင်းအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၁၀

မဲခေါင်-လန်ချန်း(၂၀၂၅) ဆိုလာနည်းပညာဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ဆိုလာစွမ်းရည်စမ်းသပ်စင်တာ တည်ထောင်ခြင်းစီမံကိန်း စတင် — စာမျက်နှာ » ၈

စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူ့သို့ အသိပေးကြေညာချက်အား ဖြည့်စွက်ထုတ်ပြန်ခြင်း — စာမျက်နှာ » ၉

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ — စာမျက်နှာ » ၁၂

၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

ကြေးမုံ

စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေး သတ်မှတ်စည်းကမ်းများလိုက်နာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ စက်သုံးဆီ ခြိုးခြံချွေတာရေးနှင့် စည်းကမ်းချက်များကို မတ်လ ၃ ရက်က အများပြည်သူသို့ အသိပေးထုတ်ပြန်လိုက်သည်ကို တွေ့ရသည်။ ထိုသို့ထုတ်ပြန်လိုက်သည့်အတွက် အများပြည်သူများကြား၌ ဂယက်ရိုက်ခတ်မှုရှိမည်ဖြစ်သည်။ ယခုဖြစ်စဉ်နှင့် ပတ်သက်၍ ယခင်ကလည်းကြိုတွေ့ခဲ့ဖူးသဖြင့် စိုးရိမ်ပူပန်မှုကြီးကြီးမားမားမဖြစ်ဘဲ အခိုက်အတန့်အနေဖြင့် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုပါသည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံရေး၊စစ်ရေးအခြေအနေများအရ ရှေ့အလယ်ပိုင်းဒေသ အတွင်း၌ စစ်ရေးပဋိပက္ခများဖြစ်ပေါ်လျက်ရှိရာ ပဋိပက္ခဖြစ်ပွားနေသည့်နေရာရှိ ဟော်မုဇ်ရေလက်ကြားကို ပိတ်ထားလိုက်သည့်အတွက် ရေနံသယ်ယူပို့ဆောင်မှု ရပ်တန့်သွားပြီး ကမ္ဘာ့စွမ်းအင်စျေးကွက်တွင် ဂယက်ရိုက်ခတ်မှုများရှိလာခဲ့သည်။ ဟော်မုဇ်ရေလက်ကြားသည် လောင်စာဆီတင်သွင်းသည့် သင်္ဘောများ ခုတ်မောင်းရာ အဓိကကျသည့် ရေလမ်းကြောင်းနေရာဖြစ်သည်။ အဆိုပါရေလက်ကြားကို ပိတ်လိုက်သည့်အတွက် စက်သုံးဆီတင်သွင်းမှု အတားအဆီး၊ အပာန့်အတားများနှင့် ပိတ်ဆို့ရပ်တန့်မှုများ ဖြစ်ပေါ်ခဲ့သည်။ စက်သုံးဆီတင်သွင်းမှုရပ်တန့်သွားသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ဆက်လက်ရပ်တည်နိုင်မည့်အစီအမံများကို ဆောင်ရွက်လျက်ရှိသည်။

အစီအစဉ်မှာ ကမ္ဘာ့နိုင်ငံရေး၊ အရှေ့အလယ်ပိုင်းအခြေအနေများကြောင့် စက်သုံးဆီခြိုးခြံချွေတာရေးနှင့် စက်သုံးဆီလုံလောက်မှုရှိစေရေးအတွက် ၂၀၂၆ ခုနှစ် မတ်လ ၇ ရက်မှစတင်၍ ပုဂ္ဂလိကမော်တော်ယာဉ်များ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များအနေဖြင့် အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခဲ့သည်။ (က) လစဉ် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသော မော်တော်ယာဉ်များ(ဥပမာ- 2A/------ ၊ 4A/ ------ စသည်ဖြင့်)၊ "မ" ရက်များတွင် "မ"နံပါတ်အက္ခရာပါသော မော်တော်ယာဉ်များ (ဥပမာ- 1A/------ ၊ 3A/------ စသည်ဖြင့်) စသည့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များသာ မောင်းနှင်အသုံးပြုရန်ဖြစ်သည်။ **(EV မော်တော်ယာဉ်/ EV မော်တော်ဆိုင်ကယ်များ နေ့စဉ်မောင်းနှင်နိုင်သည်။)**

(ခ) နေ့စဉ် အများပြည်သူသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ၊ အင့်ဂျာယာဉ်များ၊ စက်သုံးဆီသယ်ယူပို့ဆောင်သည့်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ လူနာတင်ယာဉ်/ နီဖွာန်ယာဉ်များနှင့် စည်ပင်အမှိုက်သိမ်းယာဉ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ဝန်ထမ်းကြိုပို့ယာဉ်များ၊ ကုန်စည်ဖြန့်ဖြူးရေးတွင် အသုံးပြုသည့် ယာဉ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ရုံးလုပ်ငန်းအသုံးပြုသည့် ယာဉ်များ၊ ကျောင်းကြို/ပို့ယာဉ်များ အနေဖြင့် အသုံးပြုနိုင်သည်။ (ဂ) စက်သုံးဆီ လုပ်ငန်းရှင်များသာမက အများပြည်သူတို့အနေဖြင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့် စျေးနှုန်းမြှင့်တင်ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန် အသိပေးထားသည်။ အထက်ပါစည်းကမ်းသတ်မှတ်ချက်များသည် တစ်စုံတစ်ရာ ထပ်မံ၍ ထုတ်ပြန်မှု မရှိသည့်အချိန်အထိ အတည်ဖြစ်ကြောင်းနှင့်အဆိုပါစည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

မော်တော်ယာဉ်များအတွက် သတ်မှတ်ထားသည့် နံပါတ်ပြား၏ အက္ခရာအမှတ်အသားကို "စုံ/မ"ခွဲခြားသတ်မှတ်၍ လမ်းအသုံးပြုခြင်းကို စီစစ်သတ်မှတ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ လတ်တလောတွင် ဂယက်ရိုက်ခတ်မှုရှိမည်ဖြစ်သော်လည်း ထိုကိစ္စသည် အထူးအဆန်းမဟုတ်သည်ကို သတိပြုနိုင်သည်။ ထိုအစီအစဉ်သည် မြန်မာနိုင်ငံတစ်နိုင်ငံတည်း ကျင့်သုံးခြင်းမဟုတ်ဘဲ အမေရိကန်၊ အိန္ဒိယကဲ့သို့ နိုင်ငံကြီးများတွင်လည်း ကျင့်သုံးခဲ့ဖူးသည်။ ယခုဖြစ်စဉ်ကဲ့သို့ ရေနံရောင်းနိုင်ငံများ၌ ပိတ်ဆို့ဟန့်တားမှုများဖြစ်ပေါ်သည့် အခါတွင် နိုင်ငံများအနေဖြင့် အဆိုပါနည်းလမ်းကို ကျင့်သုံးဆောင်ရွက်ခဲ့ရာ စက်သုံးဆီ ပြတ်လပ်မှုနှင့် လမ်းပိတ်ဆို့မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ လေထုညစ်ညမ်းမှုများ အနည်းအများဖြစ်ပွားလျက်ရှိသည်။ အဓိကအကြောင်းရင်းများတွင် မော်တော်ယာဉ်နှင့် စွမ်းအင်သုံးစွဲမှု မြင့်မားလာမှုများလည်းပါဝင်သည်။ ယခုကဲ့သို့ မော်တော်ယာဉ်များကို စုံ/မ အက္ခရာအလိုက် လမ်းပေါ်ထွက်မှုကန့်သတ်လိုက်ခြင်းကြောင့် ရလဒ်အနေဖြင့် လမ်းမများပေါ်တွင် မော်တော်ယာဉ်စီးရေထက်ဝက်ခန့် လျှော့ချနိုင်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နိုင်ငံများအနေဖြင့် စွမ်းအင်အကျပ်အတည်းတစ်ခုတည်းကြောင့်မဟုတ်ဘဲ လေထုညစ်ညမ်းမှု၊ ယာဉ်ကြောပိတ်ဆို့မှုတို့ကို အဆိုပါနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်သည့် အလေ့အထများရှိသည်။

သို့ဖြစ်ရာ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကို အကြောင်းပြု၍ဖြစ်ပေါ်လာသော စက်သုံးဆီအခက်အခဲဖြစ်မည့်အရေးကို ထိန်းသိမ်းနိုင်ရန်အတွက် မော်တော်ယာဉ်များကို စုံ/မ အက္ခရာအလိုက် လမ်းပေါ်ထွက်မှုကန့်သတ်လိုက်ခြင်းသည် အခက်အခဲ အဟန့်အတားများထက် ကောင်းကျိုးများကိုဖြစ်စေသောကြောင့် မော်တော်ယာဉ်သုံးစွဲသူများအနေဖြင့် ခြိုးခြံချွေတာရာလည်းရောက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုပါ အထောက်အကူပြုမည်ဖြစ်ရာ အဆိုပါအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ကြေးမုံ

ပြည်သူ့ကိုယ်စားလှယ်များ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- စိုးအောင်၊ ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်စိုး	သတင်းထောက်များ	ခင်ဗျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်	အယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နိုလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၃ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉,၂၀၀	၉,၂၀၀	၇၀၇	၆,၄၈၆,၁၀၀
MTSH	၄,၉၀၀	၅,၀၀၀	၄,၀၆၇	၂၀,၀၉၅,၉၀၀
MCB	၈,၃၀၀	၈,၃၀၀	၁၀	၈၃,၀၀၀
FPB	၃,၁၅၀	၃,၄၀၀	၁၁,၇၈၄	၃၈,၈၀၇,၂၀၀
TMH	၃,၀၀၀	၃,၀၅၀	၁၁၉	၃၆၀,၀၅၀
EFR	၁,၆၅၀	၁,၇၀၀	၄၀၁	၆၆၆,၆၅၀
AMATA	၃,၉၅၀	၃,၉၅၀	၁၁	၄၃,၄၅၀
MAEX	၃,၃၀၀	၃,၃၅၀	၁၅၂	၅၀၄,၂၀၀
MADPL(PLB)	၂,၇၅၀	၂,၇၅၀	၃၀	၈၂,၅၀၀
ASPGB(PLB)	၃၉,၅၀၀	၃၉,၅၀၀	၂၀	၇၉၀,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စီမံကိန်းစီစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

နေပြည်တော် မတ် ၄

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ မမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သော အချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၇ ရက်အထိ နေ့စဉ် တစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၀ /၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နေပြည်တော်ကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)အား အောက်ပါအတိုင်း အစားထိုးရမည်–

"(ဂ) ကောင်စီဝင်တစ်ဦးအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။"

၃။ နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ) အား ပုဒ်မခွဲ(ဃ)အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၁၁ /၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

" (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဦးရေကို အနည်းဆုံးငါးဦးမှ အများဆုံး တစ်ဆယ်ဦးအထိ သတ်မှတ်တာဝန်ပေးရမည်။ ယင်းသို့ သတ်မှတ်သောဝန်ကြီးဦးရေ အတွင်း တိုးခြင်းနှင့် လျှော့ခြင်းများပြုနိုင်သည်။ ဝန်ကြီးများ သတ်မှတ်တာဝန်ပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက်နှင့် မန္တလေးတိုင်းဒေသကြီးအတွက်ဝန်ကြီး တစ်ဦးစီကို မြို့တော်ဝန်အဖြစ် တာဝန်ပေးအပ်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့တော်တွင် မြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၄
လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

❍ ရှေ့ဖိုးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က စာဆိုဗိမာန်အဆောက်အအုံ ကမ္ဘည်းမော်ကွန်း ကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး ဂုဏ်ပြုအထိမ်းအမှတ် ကုံကော်ပင်ကို စိုက်ပျိုးပေးကြကာ စာဆိုဗိမာန် အဆောက်အအုံ ကမ္ဘည်းမော်ကွန်း ကြေးပြားအား နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇေယျသည်တော်များသည် အဆောက်အအုံအတွင်းပြသထားသည့် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အနုသုခုမ လက်ရာများနှင့် မှတ်တမ်းဓာတ်ပုံများကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စာဆိုဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ Theatre ခန်းမ၌ စာဆိုဗိမာန် တည်ဆောက်ခဲ့မှု မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အအုံသစ် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယနေ့တွင် စာပေနှင့် အနုပညာရှင်များအတွက် စာဆိုဗိမာန်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝစေပါကြောင်း၊ မိမိတို့နိုင်ငံသည် သရေခေတ္တရာ၊ ပျူယဉ်ကျေးမှုမှစ၍ ခေတ်အဆက်ဆက်တိုင်စာပေနှင့် ယဉ်ကျေးမှုထွန်းကားပြန့်ပွားရာ ဘုမိနက်သန်တစ်ခုဖြစ်ခဲ့ကြောင်း၊ စာပေသည် နိုင်ငံ့ယဉ်ကျေးမှု၏ မျက်နှာစာဖြစ်ပြီး စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံသူနိုင်ငံသားများ၏ နှလုံးရည်နှင့် ဉာဏ်ရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူငယ်၊ လူရွယ်များအသိဉာဏ်ပြည့်ဝစေရန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထက်သန်စေရန် စာပေနှင့် ထိန်းကျောင်းလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ရိုးရာအမွေအနှစ်များနှင့် အတွေးအမြင်များကို ရေးသားမှတ်တမ်းပြုကြသည့် ရဟန်းစာဆို၊ လူပညာရှိတို့၏ ကျေးဇူးတရားကိုလည်း ချန်လှပ်ထားမှု မရနိုင်ပါကြောင်း။ ထို့ကြောင့် ယနေ့ဖွင့်လှစ်သည့် စာဆိုဗိမာန် အဆောက်အအုံတွင် ၎င်းတို့၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထား အသိအမှတ်ပြုသည့် အနေဖြင့်သာမက မျိုးဆက်သစ်များ အတွက် လက်ဆင့်ကမ်း မျှဝေနိုင်စေရန် စာပေနှင့်အနုပညာများ စုစည်းထားရှိရာ နေရာတစ်ခု အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည့် အပြင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် မြန်မာမှုနယ်ပယ်မှ အနုပညာရှင်များအတွက်ပါ ဂုဏ်ပြုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဖွင့်လှစ်နိုင်ရန် နိုင်ငံတော် အကြီးအကဲကိုယ်တိုင် တက်ရောက်ခဲ့၍ ရတနာပဇနွက်တော် စိုက်ထူပေးခဲ့ပြီး ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် မိတ်ဆွေအိန္ဒိယနိုင်ငံ အစိုးရကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုသည့် အနေဖြင့် စာပေဆုအမျိုးအစားများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းခေတ်ကာလနှင့်လျော်ညီစွာ ထိုက်ထိုက်တန်တန် တိုးမြှင့်ချီးမြှင့်ပေးလျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် စာဆိုဗိမာန်ကြီးတွင် ခေတ်အဆက်ဆက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အထောက်အထားများ၊ နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည့် စာပေဆုအမျိုးအစားများနှင့် ဆုတံဆိပ်များ၊ ဆုရစာအုပ်များ၊ စာပေပညာရှင်ကြီးများ၏ မှတ်တမ်းများ၊ အနုပညာနယ်ပယ်များအလိုက် ပြခန်း၊ ပြကွက်များ၊ စာပေဟောပြောပွဲများနှင့် နီးနောဖလှယ်ပွဲများ ကျင်းပနိုင်မည့် (Mini Theatre) ခန်းမယေဘီတို့ထည့်သွင်းထားသည့် အတွက် စာပေအနုပညာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာမှုအနုသုခုမလက်ရာများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် ရဟန်းကပီ၊ လူပညာရှိနှင့် အနုပညာရှင်များအနေဖြင့် သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အနုသုခုမ လက်ရာများဖြင့် ဆက်လက် အကျိုးပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်နိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဝမ်းမြောက်ဂုဏ်ပြုအမှာစကား Video Clip ကိုပြသပြီး အိန္ဒိယနိုင်ငံ သံအမတ်ကြီးက အဆောက်အအုံ တည်ဆောက်ရာတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ရခြင်းအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဆောက်အအုံ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို နေရာအရောက်ပေးအပ်သည်။

ထို့နောက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက လည်းကောင်း အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာဆိုဗိမာန်အဆောက်အအုံ ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အိန္ဒိယနိုင်ငံမှ ယဉ်ကျေးမှုအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့တို့၏ ဂုဏ်ပြုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အမှတ်တရ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကာ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်ဝန်ကြီးချုပ်ဦးညီစောနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က စာဆိုဗိမာန်အဆောက်အအုံကမ္ဘည်းမော်ကွန်းကျောက်တိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီး အထွတ်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

မန္တလေး မတ် ၄

မန္တလေးလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥယျောင်ရပ်ကွက်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဝေနနာယက အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သြဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာဝိုင်ဆရာတော် သီတဂူကဿဘုဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မဟာမင်္ဂမထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဥာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှူဆောင်ချုပ် ဦးအောင်လင်းဌေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ စေတနာ့ဂျင်အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှူဆောင်ချုပ်က ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီးအတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ရွှေကြာသက်နီးတော်နှင့် သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှူဆောင်ချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို သံဃာတော်များထံ ဆက်ကပ်သည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ယူဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဖြန့်၊ ချည်နှောင်တားဆီးကာရံကြသည်။

ထို့နောက် အမှူဆောင်ချုပ်နှင့်ဇနီးတို့သည် သမ္မတဥာဘုရားရှင်အား ရည်မှန်း၍ ရတနာစိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အမှူဆောင်ချုပ်နှင့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ကြီးထံမှ သမ္မောဒနီယ သာဋ္ဌိယဩဝါဒကထာ နာယူပြီး မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အမှူဆောင်ချုပ်နှင့်ဇနီး ဦးဆောင်သည့်အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ ခေတ္တအပူဇော်ခံ မဏ္ဍပ်နေရာသို့ ပို့ဆောင်ကြသည်။

ဆက်လက်၍ အမှူဆောင်ချုပ်နှင့်ဇနီး၊ ဦးဆောင်သောအဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာဆင်ယင်ကြသည်။

ထို့နောက် ဥပါသကာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ကြပြီး အမှူဆောင်ချုပ်နှင့်အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် ဗုဒ္ဓသာသနာ့စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး ဦးဆောင်၍ ပင့်သံဃာ ၁၀၈ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

အခမ်းအနားအပြီးတွင် အမှူဆောင်ချုပ်နှင့်ဇနီး ဦးဆောင်သောအဖွဲ့ဝင်များသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အမှူဆောင်ချုပ်နှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၅၈၊ ၁ဖာလုံ့နှင့် ၃ ဖာလုံ့ကြားရှိ အရှည်ပေ ၁၀၀၀ သံကူကွန်ကရစ်တံတား ဒုဋ္ဌဝတီတံတားသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လေးလမ်းသွားတံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ Bored Pile ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် အမှူဆောင်ချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးစေရေး၊ တည်ဆောက်ရေးကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တန့်ယန်းမြို့နယ်တွင် သာသနာတော်ဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါးအား ဂုဏ်ပြုကြိုဆိုပင့်ဆောင်

တန့်ယန်း မတ် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်း မြို့နယ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၆) ဖြင့် သာသနာတော်ဆိုင်ရာ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးနှစ်ပါးအား ယနေ့ မွန်းလွဲ ၃ နာရီက မြို့ဝင်မုခ်ဦးမှ မဟာမြတ်မုနိဘုရားကြီး ကျောင်းတိုက်သို့ ဂုဏ်ပြုကြိုဆို ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါ ဂုဏ်ပြုကြိုဆို ပင့်ဆောင်ပူဇော်ပွဲတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသုခမိန္ဒ(စပ်ဆုခမိန်း)နှင့် ကိုင်းကုန်းပရိယတ္တိ ဆရာတော် ဘဒ္ဒန္တမောနေယျ တို့အား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်မျိုးမြင့်နှင့် ဇနီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက မြို့ဝင်မုခ်ဦးမှစတင်၍ မဟာမြတ်မုနိ ဘုရားကြီး ကျောင်းတိုက်သို့ ဂုဏ်ပြုကြိုဆို ပင့်ဆောင်ပူဇော်ကြကြောင်း သိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**

ကျောက်မဲမြို့၌ (၄၅)ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျောက်မဲ မတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် တပေါင်းလပြည့်နေ့အထိမ်းအမှတ် (၄၅) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂ ရက် မွန်းလွဲ ၁ နာရီက စိန္တာမုနိစေတီ ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲကို ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းမှ တပ်ရင်းတပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်နေပြည်သူများနှင့် ကျေးရွာနေပြည်သူများက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၄၇ ကျောင်းမှ သံဃာတော် ၈၂၄ ပါးနှင့် သီလရှင် ၁၄၁ ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားပြည့်ဝစွာ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၄

ယနေ့ ညနေ ၆ နာရီ ၁၆ မိနစ် ၁၅ စက္ကန့်တွင် သီပေါမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၂၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကျောက်မဲမြို့၏အရှေ့တောင်ဘက် ၂၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၂၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၃၅ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

■

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝဇီရာကဇာတ်ရုံ ပြုပြင်မွမ်းမံနေမှု ကြည့်ရှုစစ်ဆေး

ဝဇီရာကဇာတ်ရုံ၌ နိုင်ငံတကာပြပွဲများ၊ တိုင်းရင်းသားရိုးရာပွဲများနှင့် ပန်းချီပြပွဲများကို အဆင့်မီမီ ပြသသွားနိုင်မည်

ရန်ကုန် မတ် ၄

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ နိုင်ငံခြား ဘာသာတက္ကသိုလ်၌ မြန်မာ-ကိုရီးယား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ် အဖြစ် မြန်မာ-ကိုရီးယား ပူးပေါင်း၍ ရုပ်သံဇာတ်လမ်းတွဲရိုက်ကူးရေး ဆောင်ရွက်မှုကို သွားရောက် ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းမအတွင်း၌ ဆရာနှင့် တပည့် ကျောင်းသား ကျောင်းသူများ ဆွေးနွေးခန်း ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးပြီး အဆိုပါ အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်သည်။

အဆိုပါ "အားလုံးကို ကျော်ဖြတ်ကြမယ်" (All Pass) လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲကို နာမည်ကျော် ကိုရီးယားဒါရိုက်တာ ရှင်ကီဝန်း ဦးဆောင်၍ ကိုရီးယားလေယာဉ်ဆောင် ၁၃ ဦး၊ မြန်မာသရုပ်ဆောင် ကိုးဦးတို့ဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ ကုန်ခန့်အထိ ရိုက်ကူးရေး ဆောင်ရွက်နေခြင်း ဖြစ်ပြီး ကိုရီးယားနိုင်ငံသို့လည်း ဆက်လက် သွားရောက်ရိုက်ကူးကာ MRTV Channel များနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နေသည့် ဝဇီရာကဇာတ်ရုံသို့ ရောက်ရှိရာ မြန်မာနိုင်ငံ ဗိသုကာကောင်စီနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူတို့က အဆင့်မြှင့်တင်ဆောင်ရွက်နေသော ဝဇီရာကဇာတ်ရုံ၏ လုပ်ငန်းပိုင်းဆိုင်ရာတို့ကို ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ပိုင်းဆိုင်ရာနှင့် ရေသွယ်တန်းမှု အဆင်ပြေပြီ ဖြစ်၍ ကျန်သောအပိုင်းအားလုံး အမြန်ပြီးစီးရေး ပိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ကဇာတ်ရုံအားရေးဟောင်းလက်ရာ မပျက် ပြုပြင်မှုနှင့်အတူ ရုပ်ပိုင်းဆိုင်ရာ ခေတ်မီလုပ်မှုနှင့် ကဇာတ်ရုံ၏ အနှစ်သာရတို့ကို ပုံရိပ်လုပစွာ ပြသသွားနိုင်မည် ဖြစ်ပြီး နိုင်ငံတကာပြပွဲများ၊ တိုင်းရင်းသားရိုးရာပွဲများနှင့် ပန်းချီပြပွဲများကို ပြသရာ၌ အဆင့်မီမီ ပြသသွားနိုင်ရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝဇီရာကဇာတ်ရုံ ပြုပြင်မွမ်းမံနေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကျင်းပ

နေပြည်တော် မတ် ၄

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် တပ်နယ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

ကြည့်ရှုအားပေး

အဆိုပါ တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက် ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းလူနှင့် တာဝန်ရှိသူတို့က သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းစစ်ဌာနချုပ်အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ပြုလုပ်

နေပြည်တော် မတ် ၄

၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တိုင်းစစ်ဌာနချုပ်အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အောင်စော်ထွေးနှင့် တာဝန်ရှိသူများက စာမေးပွဲ ဖြေဆိုနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းစစ်ဌာနချုပ်အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် မြစ်ကြီးနား တပ်နယ်၊ မိုးကောင်းတပ်နယ်၊ မိုးညှင်း တပ်နယ်နှင့် တနိုင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြကြောင်း သိရသည်။

သတင်းစဉ်

စာဆိုဗိမာန် ပြည်သူ့ထံ

❖ စာဆိုဗိမာန်၊ ပြည်သူ့ထံသို့
နိုင်ငံတော်အတွက်၊ အဘက်ဘက်မှ
တက်ကြွစွမ်းဆောင်၊ ပြည်ချစ်မောင်တို့
လက်ဆောင်ထွတ်မြတ်၊ ဆက်နှင်းအပ်သည်
မြတ်သမိုင်းဝင် မော်ကွန်းတင်။
စာပေလောက ဂုဏ်မြှင့်တင်။

❖ စာပေမျက်စိ၊ မြင်မရှိလျှင်
မသိတရား၊ အယူမှား၏
တရားထင်လင်း၊ အမြင်ရှင်းအောင်
ဖြည့်တင်းဝမ်းစာ၊ လူတကာတို့
စာပေနှံ့စပ်၊ ဆည်းပူးအပ်လျက်
မြတ်သောစာပေ၊ အထွေထွေဖြင့်
စိတ်နေမြင့်ကြောင်း၊ လူအပေါင်း၌
စိတ်ကောင်းစိတ်မြတ်၊ ပွားတုံလတ်၍
အရပ်အနေ၊ သင့်အောင်နေဖို့
ပဝေရှေးက၊ ဘေးအဘတို့
ပေးဌာအကျွန်ရာ၊ ထင်လင်းပါသည်
မြန်မာစာပေ မြတ်ဂုဏ်ရည်။
နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီ။

❖ ဩော်.
မြန်မာ့ယဉ်ကျေးမှု၊ အစုစုကို
အနုစိတ်ဖြာ၊ သုံးသပ်ပါသော်
စာပေအကျွန်ရာ၊ အဓိကတည့်
ထိုမှသဘင်၊ ရုပ်ရှင် ဂီတ
မျှဝေစီးဆင်း၊ ဖြစ်တည်ခြင်းမှ
ရင်တွင်းလှုပ်ခတ်၊ ခံစားအပ်သည်
မြတ်သောအနုပညာ၊ ရှုချင်စရာတို့
ပညာနှံ့သိ၊ ဖန်ဆင်းဘိသည့်
ကဝိထိုထို၊ ဂုဏ်ပြုလို၍
စာဆိုဗိမာန်၊ ပြည်သူ့ထံသို့
နိုင်ငံတော်အတွက်၊ အဘက်ဘက်မှ
တက်ကြွစွမ်းဆောင်၊ ပြည်ချစ်မောင်တို့
လက်ဆောင်ထွတ်မြတ်၊ ဆက်နှင်းအပ်သည်
မြတ်သမိုင်းဝင် မော်ကွန်းတင်။
စာပေလောက ဂုဏ်မြှင့်တင်။

မြင်းမူမောင်နိုင်မိုး

မိုဘိုင်းလက်ကိုင်ဖုန်း၏ IMEI မှတ်ပုံတင်ခြင်းကို နိုင်ငံအများတွင်ဆောင်ရွက်နေမှုများ

ဆောင်းလေပြေ

IMEI ဆိုတာ ဘာလဲ

International Mobile Equipment Identity–IMEI ဆိုသည်မှာ မိုဘိုင်းလက်ကိုင်ဖုန်းတစ်ခုစီအတွက် သီးခြားသတ်မှတ်ထားသော ယေဘုယျအားဖြင့် နံပါတ် ၁၅ လုံးပါ ကုတ်တစ်ခုဖြစ်ပါသည်။ IMEI ကို မိုဘိုင်းအော်ပရေတာကွန်ရက်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်းအပါအဝင် မိုဘိုင်းဆက်သွယ်ရေးကွန်ရက် အထောက်အကူပြုပစ္စည်းများ အချင်းချင်းဆက်သွယ်ရာတွင် အသုံးပြုပါသည်။

ဆိုလိုသည်မှာ မိုဘိုင်းအော်ပရေတာများ၏ စနစ်တွင် မိုဘိုင်းလက်ကိုင်ဖုန်းတစ်လုံးစီကို IMEI နှင့် SIM ကတ်တွဲလျက်သိရှိပြီးဖြစ်ပါသည်။ IMEI ကိုသိရှိရုံနှင့် မိုဘိုင်းလက်ကိုင်ဖုန်းထဲမှ အချက်အလက်များ ရယူသွားမည်ဆိုသည့်အထောက်အထားမရှိပါ။ မိုဘိုင်းလက်ကိုင်ဖုန်းတစ်ခု၏ IMEI မှ ၎င်းဖုန်း၏ စံသတ်မှတ်ချက်ဖြစ်သည့် (ဖုန်းအမျိုးအစား/ ထုတ်လုပ်သည့် Brand / Model Code နံပါတ်) များကိုသာ သိရှိနိုင်မည်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် IMEI နံပါတ်များသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မိုဘိုင်းဟန်းဆက်များနှင့်သက်ဆိုင်သည့် အချက်အလက်များကို မိုဘိုင်းဟန်းဆက်ကုမ္ဍဏီ/ ထုတ်လုပ်သူ (Maker)၊ အမှတ်တံဆိပ် (Brand)၊ မော်ဒယ် (Model)၊ ထုတ်လုပ်သည့်နိုင်ငံ စသည့် အချက်များကို သိရှိနိုင်ရန် ခွဲခြားသတ်မှတ်ထားခြင်းဖြစ်ပါသည်။ IMEI နံပါတ်သည် မိုဘိုင်းလက်ကိုင်ဖုန်း ထုတ်လုပ်သည့်အချိန်ကတည်းက ထည့်သွင်းထားသောအချက်အလက်များဖြစ်ပြီး ဖုန်းပိုင်ရှင်၏ အမည်၊ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် SIM ကတ်/ဖုန်းနံပါတ်အစရှိသောအသုံးပြုသူနှင့်သက်ဆိုင်သည့် အချက်အလက်များ ပါဝင်ခြင်းမရှိပါ။



IMEI ကိုဘယ်လို သိနိုင်သလဲ

IMEI ဂဏန်း ၁၅ လုံးအနက် ပထမ ၈ လုံးသည် မိုဘိုင်းလက်ကိုင်ဖုန်း၏ အမျိုးအစားနှင့် မော်ဒယ်ကို ဖော်ပြပါသည်။ ၉ လုံးမြောက်ဂဏန်းအပါအဝင် ၆ လုံးသည် မိုဘိုင်းလက်ကိုင်ဖုန်း ထုတ်လုပ်သူမှသတ်မှတ်သော Serial နံပါတ်များ ဖြစ်ပြီး ကျန်ဂဏန်းများသည် နည်းပညာအရ စစ်ဆေးခြင်းလုပ်ငန်းအတွက် နံပါတ်များဖြစ်ပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်းတစ်လုံးအတွက် IMEI သီးခြား သတ်မှတ်ထားမှုကို *#06# နှိပ်၍ ဖုန်းခေါ်ဆိုခြင်းဖြင့်လည်းကောင်း၊ မိုဘိုင်းလက်ကိုင်ဖုန်း Setting တွင် ကြည့်ရှုရှာ၍လည်းကောင်း၊ စတင်ဝယ်ယူစဉ်က ဘူးခွံပါ Barcode တွင်လည်းကောင်း သိရှိနိုင်ပါသည်။

IMEI မှတ်ပုံတင်ခြင်းကြောင့် သုံးစွဲသူများ အကျိုးရှိစေမှာလား

IMEI မှတ်ပုံတင်ခြင်းဆိုသည်မှာ အစိုးရဌာနတစ်ခုခုမှ မိုဘိုင်းလက်ကိုင်ဖုန်း တစ်ခုချင်းစီအတွက် IMEI မှတ်ပုံတင်ရန် ဆောင်ရွက်ထားခြင်းကိုဆိုလိုပြီး မိုဘိုင်းလက်ကိုင်ဖုန်း ခိုးယူခံရခြင်း၊ ပျောက်ဆုံးခြင်းနှင့် သတ်မှတ်စံချိန်စံညွှန်းဖြင့် ကိုက်ညီခြင်းမရှိသော ဖုန်းအတုများကို မှတ်ပုံတင်ထားသည့် IMEI ကို စီမံခန့်ခွဲခြင်းဖြင့် မိုဘိုင်းအော်ပရေတာကွန်ရက်အတွင်း သုံးစွဲခြင်းမှ တားဆီးနိုင်ပါသည်။

မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းသူများသည် တင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းကို IMEI မှတ်ပုံတင်စနစ်သို့ တစ်ဦးချင်းဖြစ်စေ၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းသူများမှဖြစ်စေ၊ အော်ပရေတာမှဖြစ်စေ စာရင်းသွင်းမှတ်ပုံတင်ခြင်းကို ပြုလုပ်ကြပါသည်။ မှတ်ပုံတင်ပြုလုပ်ပြီး မိုဘိုင်းလက်ကိုင်ဖုန်းများကို အရောင်းဆိုင်များမှ ဝယ်ယူသုံးစွဲခြင်းဖြင့် စံချိန်စံညွှန်းမပြည့်မီသော မိုဘိုင်းလက်ကိုင်ဖုန်းအတုများကို သုံးစွဲခြင်းမှကာကွယ်နိုင်ခြင်း၊ တရားဝင်ဝယ်ယူထားကြောင်းအထောက်အထားပြ၍ မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးမှုနှင့် ခိုးယူခံရပါက နိုင်ငံအတွင်း အခြားသူများမှ သုံးစွဲမှုမရှိစေရေးတို့ကို ဆောင်ရွက်နိုင်ပါသည်။

> **“ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းသူများသည် တင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းကို IMEI မှတ်ပုံတင်စနစ်သို့ တစ်ဦးချင်းဖြစ်စေ၊ မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းသူများမှဖြစ်စေ၊ အော်ပရေတာမှဖြစ်စေ စာရင်းသွင်းမှတ်ပုံတင်ခြင်းကို ပြုလုပ်ကြပါသည်။ မှတ်ပုံတင်ပြုလုပ်ပြီး မိုဘိုင်းလက်ကိုင်ဖုန်းများကို အရောင်းဆိုင်များမှ ဝယ်ယူသုံးစွဲခြင်းဖြင့် စံချိန်စံညွှန်းမပြည့်မီသော မိုဘိုင်းလက်ကိုင်ဖုန်းအတုများကို သုံးစွဲခြင်းမှကာကွယ်နိုင်ခြင်း၊ တရားဝင်ဝယ်ယူထားကြောင်းအထောက်အထားပြ၍ မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးမှုနှင့် ခိုးယူခံရပါက နိုင်ငံအတွင်း အခြားသူများမှ သုံးစွဲမှုမရှိစေရေးတို့ကို ဆောင်ရွက်နိုင်ခြင်း၊ အထောက်အထားပြ၍ ”**

IMEI မှတ်ပုံတင်ခြင်းကိုရိုးရှင်းစေမည့် Application

ဒွေကြေးလိမ်လည်မှုများ မဖြစ်ပေါ်စေရန်လည်းကောင်း အသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း၏ IMEI မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ကြရပါသည်။

IMEI မှတ်ပုံတင်ခြင်းကို နိုင်ငံတကာတွင် ဘယ်လိုလုပ်သလဲ

နိုင်ငံအတွင်းသို့ မိုဘိုင်းဟန်းဆက်များအား တရားမဝင်တင်သွင်းမှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများလွတ်ကင်းနေမှု၊ နိုင်ငံအတွင်း တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် မိုဘိုင်းဟန်းဆက်များကို တရားဝင်မှတ်ပုံတင်ရန်လိုအပ်လျက်ရှိမှု၊ ပျောက်ဆုံး မိုဘိုင်းလက်ကိုင်ဖုန်းများ မူရင်းပိုင်ရှင်က အသိပေးတိုင်ကြားနိုင်မှု၊ အွန်လိုင်းလိမ်လည်မှုအပေါ် သတင်းအချက်အလက်ရယူရန်လိုအပ်မှုစသည်တို့ကို ဆောင်ရွက်နိုင်ရေးဆက်သွယ်ရေးကွန်ရက်အခြေပြု စီစစ်နိုင်သည့် စနစ်တစ်ခု တည်ထောင်ရန်လိုအပ်ပါသည်။

နိုင်ငံအတွင်း တွင်ကျယ်စွာအသုံးပြုလျက်ရှိသော မိုဘိုင်းဟန်းဆက် IMEI ကို မှတ်တမ်းတင်၍ ထိန်းချုပ်နိုင်သည့် စနစ်တစ်ခုကို ကမ္ဘာ့နိုင်ငံအများစုနှင့် အိမ်နီးချင်းနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ တရားဝင် တင်သွင်းထားသော မိုဘိုင်းလက်ကိုင်ဖုန်းကို စံချိန်စံညွှန်း၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် IMEI နံပါတ်မှန်ကန်မှု ရှိ၊ မရှိ အများပြည်သူမှ အွန်လိုင်းစစ်ဆေးနိုင်ရန် အချို့နိုင်ငံများတွင် ဆောင်ရွက်ထားရှိပါသည်။

မိုဘိုင်းလက်ကိုင်ဖုန်းများ IMEI စစ်ဆေးသည့် အလားတူစနစ်များကို အဂေရိကန်၊ အင်္ဂလန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံ တော်တော်များများတွင် အသုံးပြုကြပါသည်။ အာရှနိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် IMEI မှတ်ပုံတင်ရန် တင်းကျပ်စွာပြဋ္ဌာန်းထားပြီး အရေးယူမှုများကို တင်းကျပ်စွာဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် မိုဘိုင်းလက်ကိုင်ဖုန်းများ ကွန်ရက်အတွင်းသုံးစွဲနိုင်မှုကို ကြီးကြပ်ခြင်းဖြင့် တရားမဝင် တင်သွင်းမှုကို ကြီးကြပ်ပြီး မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးခြင်းနှင့် ခိုးယူခံရခြင်းတို့အတွက် ပြည်သူ့ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ပါသည်။

မိုဘိုင်းလက်ကိုင်ဖုန်း တရားဝင်တင်သွင်းမှုလုပ်ငန်းစဉ်ကို မိုဘိုင်ဖုန်း တင်သွင်းသူများအတွက် ရိုးရှင်းလွယ်ကူလျင်မြန်စွာ ဆောင်ရွက်၍ သုံးစွဲသူက သီးခြားမှတ်ပုံတင်ရန်မလိုသော နိုင်ငံများမှာ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် အော်ပရေတာများအချင်းချင်း IMEI စောင့်ကြည့်စီမံခန့်ခွဲခြင်းကို ဆောင်ရွက်ပြီး အများပြည်သူက IMEI ကို သီးခြားမှတ်ပုံတင်ရန်မလိုအပ်ပါ။ အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှု ကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းတို့ ဆောင်ရွက်မှုများကို အကျဉ်းချုပ်ဖော်ပြအပ်ပါသည်–

အိန္ဒိယနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းခြင်း၊ ပိတ်သိမ်းခြင်း၊ ဥပဒေနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆက်သွယ်ရေးဌာနကကြီးကြပ်သော အော်ပရေတာများနှင့် IMEI မှတ်ပုံတင်ဗဟိုဌာနတို့က ဆောင်ရွက်ပါသည်။ တင်သွင်းခွင့်ပြုထားသည့် IMEI များနှင့် ကုန်သွယ်ရေးက အသိအမှတ်ပြုလက်မှတ်ရရှိမှသာ နိုင်ငံအတွင်း သုံးစွဲခွင့်ရရှိမည်ဖြစ်ပါသည်။ တရားမဝင် တင်သွင်းအသုံးပြုမှုကို တားမြစ်ထားပြီး သုံးစွဲသူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်းကို လုံခြုံစွာ သုံးစွဲနိုင်စေရန်နှင့် ခိုးယူခံရပါကလည်း ပိတ်သိမ်းနိုင်စေရန် ဆောင်ရွက်ထားပါသည်။ အိန္ဒိယနိုင်ငံတွင် ဗဟိုမှတ်ပုံတင်စနစ်ကို ၂၀၂၀ ပြည့်နှစ်တွင် စတင်ကာ မိုဘိုင်းလက်ကိုင်ဖုန်း ပျောက်ဆုံးခြင်း/ ခိုးယူခံရခြင်းနှင့်စပ်လျဉ်း၍ ဗဟိုမှတ်ပုံတင်စနစ်မှ ပိတ်သိမ်းခြင်းကို ဆောင်ရွက်ပါသည်။ သုံးစွဲသူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း အသုံးပြုခွင့် ရှိ၊ မရှိကို https://www.ceir.gov.in တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှု ကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းတို့ကို စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် အကောက်ခွန်ဌာနအပါအဝင် အော်ပရေတာများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပါသည်။ နိုင်ငံအတွင်း သုံးစွဲလျက်ရှိသော မိုဘိုင်းလက်ကိုင်ဖုန်း IMEI များသည် မှန်ကန်ရန်လိုအပ်ပြီး စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက သတ်မှတ်ထားသော အမျိုးအစားဖြစ်ရန်လိုပါသည်။

စာမျက်နှာ ၇ သို့ ➲

✪ စာမျက်နှာ ၆ မှ

အော်ပရေတာများမှ ကွန်ရက်အတွင်း အသုံးပြုသော IMEI များကိုလည်းကောင်း၊ အတု၊ တရားမဝင်နှင့်မိုးယူခံရသော ဖုန်းများစာရင်းကိုလည်းကောင်း စုပေါင်းထိန်းသိမ်းထားရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မိုဘိုင်းလက်ကိုင်ဖုန်း တရားမဝင်တင်သွင်းခြင်း၊ အသုံးပြုခြင်းကို တင်းကျပ်စွာထိန်းချုပ်ထားပြီး နိုင်ငံအတွင်းအသုံးပြုခွင့် လက်မှတ်(China Compulsory Certification–CCC) နှင့် စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက အတည်ပြုထားသော အမျိုးအစားသတ်မှတ်ချက်ဖြင့် ကန့်သတ်ထားပါသည်။

မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးခြင်းအတွက် သတင်းပို့ပါက အော်ပရေတာများက ခိုးယူခံရသော ဖုန်းအဖြစ် နိုင်ငံတကာစာရင်းသွင်းကာ လုံးဝသုံးစွဲမရနိုင်အောင် ဆောင်ရွက်ပါသည်။ သုံးစွဲသူတစ်ဦးချင်းအနေဖြင့် မှတ်ပုံတင်ရန် မလိုအပ်ပါ။ အသုံးပြုသော မိုဘိုင်းလက်ကိုင်ဖုန်းကို အင်တာနက်စာမျက်နှာမှ စစ်ဆေးနိုင်ခြင်းမရှိပါ။ ပြည်ပနိုင်ငံသားများအနေဖြင့် ပြည်တွင်းဆင်းကတ်သုံးစွဲမှုမပြုပါက ကာလတစ်ခုအထိ ယာယီအသုံးပြုခွင့်ပေးထားပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်း ရောင်းချသူများသည် ရောင်းချခြင်းမပြုမီ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် အကောက်ခွန်ဌာနတို့တွင် မှတ်ပုံတင်ရန် လိုအပ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆင်းကတ်သုံးစွဲသူ မှတ်ပုံတင်နှင့် မိုဘိုင်းလက်ကိုင်ဖုန်း IMEI တို့တွဲလျက်ထားရှိခြင်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပိုမိုတင်းကျပ်သော စည်းမျဉ်းများဖြင့် လုံခြုံရေးပိုမိုကောင်းမွန်အောင်ဆောင်ရွက်ထားပါသည်။

ထိုင်းနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှုကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းကို ထိုင်းအမျိုးသားရုပ်သံနှင့် ဆက်သွယ်ရေးကော်မရှင်က သုံးစွဲသူတစ်ဦးချင်း မှတ်ပုံတင်ခြင်းထက် မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းသူများကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးကာ စျေးကွက်ထိန်းချုပ်ခြင်းကို ဆောင်ရွက်ပါသည်။ သုံးစွဲသူများက IMEI မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရန် မလိုအပ်ပါ။

မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းဖြန့်ဖြူးခွင့်လိုင်စင်ရရှိသူများမှတစ်ဆင့်သာ တင်သွင်းရပါသည်။ တင်သွင်းခွင့်ရရှိထားသော မိုဘိုင်းလက်ကိုင်ဖုန်းများသည် ထိုင်းအမျိုးသားရုပ်သံနှင့် ဆက်သွယ်ရေးကော်မရှင်က အသိအမှတ်ပြုလက်မှတ် ရရှိထားပြီးသား ဖြစ်ရပါမည်။ တရားမဝင် သို့မဟုတ် အသိအမှတ်ပြုထားခြင်းမရှိသော မိုဘိုင်းလက်ကိုင်ဖုန်းများကို ဈေးကွက်အတွင်းတွေ့ရှိပါက သိမ်းယူခွင့်ရှိပါသည်။ ကော်မရှင်သည် မိုဘိုင်းလက်ကိုင်ဖုန်းပျောက်ဆုံးခြင်း/ခိုးယူခံရခြင်းနှင့် စပ်လျဉ်း၍ အော်ပရေတာနှင့်ပူးပေါင်းကာ မိုဘိုင်းလက်ကိုင်ဖုန်းအား နိုင်ငံအတွင်း သုံးစွဲမရရှိစေရန် ပိတ်သိမ်းခြင်းကို ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ IMEI မှတ်ပုံတင်ခြင်းကို အများပြည်သူဆောင်ရွက်ရန် ခွင့်မပြုထားသော်လည်း အော်ပရေတာများက IMEI သုံးစွဲမှုကိုတင်ပြရန် လိုအပ်ပါသည်။

မလေးရှားနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းမှုကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ဥပဒေနှင့်အညီ ကြီးကြပ်စစ်ဆေးခြင်းတို့ကို မလေးရှားဆက်သွယ်ရေးနှင့် သတင်းမီဒီယာကော်မရှင်က အကောက်ခွန်ဌာနအပါအဝင် အော်ပရေတာများနှင့်ပူးပေါင်းကာ မိုဘိုင်းလက်ကိုင်ဖုန်းနှင့် သက်ဆိုင်သော မူဝါဒကို ရေးဆွဲထုတ်ပြန်ဆောင်ရွက်ပါသည်။

မလေးရှားနိုင်ငံတွင်အသုံးပြုသော မိုဘိုင်းလက်ကိုင်ဖုန်းများသည် SIRIM (Standards and Industrial Research Institute of Malaysia) စံချိန်စံညွှန်းနှင့် စက်မှုသုတေသနသိပ္ပံဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီရန် လိုအပ်ပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်း တစ်ဦးချင်းတင်သွင်းမှုအတွက် SIRIM approval online (https://ecomm.sirim.my/) တွင် အွန်လိုင်းလျှောက်ထားနိုင်ပြီး IMEI မှတ်ပုံတင်ခြင်းကိုလည်း တစ်ပါတည်းဆောင်ရွက်နိုင်ပါသည်။ လူတစ်ဦးချင်းအနေဖြင့် တစ်နှစ်လျှင် မိုဘိုင်းလက်ကိုင်ဖုန်း နှစ်လုံးအထိ မှတ်ပုံတင်နိုင်ပါသည်။

အော်ပရေတာများက ကွန်ရက်အတွင်း အသုံးပြုသော IMEI များကိုလည်းကောင်း၊ အတု၊ တရားမဝင်နှင့် ခိုးယူခံရသော ဖုန်းများစာရင်းကိုလည်းကောင်း စုပေါင်းထိန်းသိမ်းထားရှိပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်း ပျောက်ဆုံးခြင်းအတွက် မိုဘိုင်းအော်ပရေတာသို့သတင်းပို့ပါက အော်ပရေတာများက ခိုးယူခံရသောဖုန်းအဖြစ် စာရင်းသွင်းကာ နိုင်ငံအတွင်း လုံးဝသုံးစွဲမရနိုင်အောင် ဆောင်ရွက်ထားပါသည်။ မလေးရှားနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်းကို တင်သွင်းမှုကဏ္ဍ၊ အကောက်ခွန်ကဏ္ဍ၊ အော်ပရေတာများနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများဖြင့် အားဖြည့်ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်တွင် IMEI မှတ်ပုံတင်ခြင်းကို ဘင်္ဂလားဒေ့ရှ် အမျိုးသားဆက်သွယ်ရေးကော်မရှင် Bangladesh Telecommunication Regulatory Commision–BTRC က ကြီးကြပ်ဆောင်ရွက်ပါသည်။ မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူတိုင်းသည် အမျိုးသား မိုဘိုင်းလက်ကိုင်ဖုန်း မှတ်ပုံတင်စနစ်သို့ မှတ်ပုံတင်ရန် လိုအပ်ပါသည်။ အတုပြုလုပ်ထားသော မိုဘိုင်းလက်ကိုင်ဖုန်း၊ ခိုးယူထားသော မိုဘိုင်းလက်ကိုင်ဖုန်းနှင့် တရားမဝင်တင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းများကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်အတွင်း ဝင်ရောက်ခြင်းမှ ပိတ်ပင်ထားပါသည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ကာ အသုံးပြုသူများ အနေဖြင့် www.neir.btrc.gov.bd တွင် အသုံးပြုသော မိုဘိုင်းလက်ကိုင်ဖုန်းများကို သုံးစွဲခွင့် ရှိ မရှိ စစ်ဆေးနိုင်ပါသည်။

ပြည်ပမှ ယူဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော မိုဘိုင်းလက်ကိုင်ဖုန်းများကို ကင်းလွတ်ခွင့်ပြုသော အချိန်ကာလအတွင်း ရွေးယူဒဏ်ကြေးပေးဆောင်ကာ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်ပါသည်။ ဘင်္ဂလားဒေ့ရှ်တွင် မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းမည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို BTRC တွင် ကြိုတင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။ တရားမဝင်တင်သွင်းခြင်းအတွက် သက်ဆိုင်ရာအကောက်ခွန်ဌာန၏ သိမ်းယူခြင်းခံရမည်ဖြစ်ပါသည်။ BTRC သည် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများနှင့်ပူးပေါင်းကာ IMEI ကြီးကြပ်ခြင်းကို ဆောင်ရွက်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် မိုဘိုင်းလက်ကိုင်ဖုန်း ခိုးယူခံရခြင်း၊ IMEI အတုပြုလုပ်ခြင်းနှင့် ပွားယူခြင်းအပြင် တရားမဝင်မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းခြင်းကို တားဆီးကာကွယ်နိုင်ခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် IMEI မှတ်ပုံတင်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်းတင်သွင်းမှု ကြီးကြပ်ခြင်း၊ ပိတ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းတို့ကို စက်မှုဝန်ကြီးဌာနနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ပါသည်။ နိုင်ငံအတွင်း မိုဘိုင်းလက်ကိုင်ဖုန်းများ၏ IMEI များကို အမျိုးသားမှတ်တမ်းတွင် ထည့်သွင်းရန်လိုအပ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မိုဘိုင်းလက်ကိုင်ဖုန်းကို တင်းကျပ်စွာထိန်းချုပ်ထားပြီး သယံဆောင်/တင်သွင်းလာသော မိုဘိုင်းဖုန်းများအား အစိုးရ၏ အင်တာနက်စာမျက်နှာတွင် မှတ်ပုံတင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှ စတင်ကျင့်သုံးခဲ့ပါသည်။ နိုင်ငံခြားသားများအနေဖြင့်ပြည်တွင်းဆင်းကတ်နှင့် သုံးစွဲနိုင်ရန် မိုဘိုင်းလက်ကိုင်ဖုန်းကို မှတ်ပုံတင်ရန် လိုအပ်ပါသည်။ မှတ်ပုံတင်ထားခြင်းမရှိသော IMEI များသည် အင်ဒိုနီးရှားနိုင်ငံရှိ မိုဘိုင်းကွန်ရက်များသို့ ဝင်ရောက်သုံးစွဲခွင့် ရှိမည်မဟုတ်ပါ။ သုံးစွဲသူများ အနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်းမှတ်ပုံတင်ထားခြင်း ရှိ/မရှိနှင့် အသုံးပြုခွင့် ရှိ/မရှိကို https://imei.kemenperin.go.id တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

IMEI မှတ်ပုံတင်ခြင်းဖြင့် လူမှုအဖွဲ့အစည်းကို ဘယ်လိုအကျိုးရှိစေမှာလဲ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်မှုကြောင့် မိုဘိုင်းဖုန်းသုံးစွဲမှုတစ်ဟုန်ထိုး တိုးတက်များပြားလာပါသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် တိုးတက်မှုများရှိခဲ့သော်လည်း မိုဘိုင်းနည်းပညာ၊ အင်တာနက်နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများတွင် နည်းပညာလုံခြုံရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ရေး၊ မိုဘိုင်းဟန်းဆက်များကို မှတ်ပုံတင်ခြင်းနှင့် အီလက်ထရောနစ်နည်းလမ်းများဖြင့် အခွန်ပေးဆောင်ခြင်းစသည့် အများပြည်သူ အကျိုးပြုဝန်ဆောင်မှုများကို စတင်လျက်ရှိပါသည်။

အွန်လိုင်းပေါ်တွင် မည်သူမှန်း မသိရသူများနှင့် ထိတွေ့နေရသကဲ့သို့ AI ဖြင့် အသံအတု၊ ရုပ်အတုများအပြင် ငွေကြေးလိမ်လည်မှုများ၊ အွန်လိုင်းလိမ်လည်မှုများကို နည်းပညာအသုံးပြုကာ ဆောင်ရွက်နိုင်ခြင်းသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအတွက် စိန်ခေါ်မှုများဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် နေ့စဉ် မိုဘိုင်းလက်ကိုင်ဖုန်းသန်း ၆၀ ခန့်၊ ဆက်သွယ်မှုရှိနေပြီး လေ့လာဆန်းစစ်မှုစစ်ဆေးချက်များအရ ၈၀ ရာခိုင်နှုန်းခန့်သည် တရားဝင်တင်သွင်းမှုမရှိကြောင်း သိရှိရသည်။ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသော မိုဘိုင်းလက်ကိုင်ဖုန်းများကြောင့် နိုင်ငံတကာတွင် ဆွေးနွေးလျက်ရှိသည့် အီလက်ထရောနစ်အမှိုက်များ ဖြစ်ပေါ်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ တားဆီးနိုင်မည်ဖြစ်ပါသည်။

အရည်အသွေးအာမခံမရှိသော တရားမဝင် မိုဘိုင်းဟန်းဆက်ဈေးကွက်ကို တားဆီးနိုင်ရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ ရရှိစေရေး၊ မိုဘိုင်းဟန်းဆက် ခိုးယူ/ပျောက်ဆုံးမှုများကို ထိန်းချုပ်နိုင်ရေး၊ ဆိုက်ဘာရာဇဝတ်မှုများကို တားဆီးနိုင်ရေး အစရှိသည့် အများပြည်သူအတွက် ဝန်ဆောင်မှုပေးသည့် ရည်ရွယ်ချက်များစွာဖြင့် အာဆီယံနိုင်ငံအချို့တွင် IMEI မှတ်ပုံတင်ခြင်းအား အဆင့်မြှင့်တင်လျက်ရှိသည်ကို တွေ့ရှိနိုင်ပါသည်။ တရားဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များကိုသာ အသုံးပြုနိုင်တော့သည့်အတွက် တရားမဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များ လျော့နည်းလာခြင်းအပြင် ရသင့်ရထိုက်သည့် အခွန်အခများရရှိခြင်း၊ အခြားစီးပွားရေးအရ အကျိုးအမြတ်များ ရရှိစေခြင်းတို့အပြင် မိုဘိုင်းဟန်းဆက် ခိုးယူ/ပျောက်ဆုံးမှုများ၊ တရားမဝင်တင်သွင်းသည့် မိုဘိုင်းဟန်းဆက်များ၊ ဆိုက်ဘာရာဇဝတ်မှုများ လျော့ကျလာသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

> ❖ **မြန်မာနိုင်ငံတွင် ယခုကဲ့သို့စနစ်ဆောင်ရွက်ခြင်းဖြင့် အခြားနိုင်ငံများတွင် ဆောင်ရွက်သကဲ့သို့ နိုင်ငံအတွင်း စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် မိုဘိုင်းဖုန်းအတုများသည် သုံးစွဲမှုမရသည့်အတွက် အီလက်ထရောနစ်အမှိုက်ဖြစ်နိုင်ခြေလျော့ကျစေပါမည်။ ဖုန်းပျောက်ဆုံးသွားပါက အခြားသူတစ်ဦးက ခိုးယူသုံးစွဲနိုင်သော်လည်း နောင်တွင် အမှန်တကယ် ဖုန်းပျောက်ဆုံးမှုအတွက် ခိုးယူသုံးစွဲနိုင်ခြေ များစွာလျော့ကျသွားစေမည်**
>
> ❖ **IMEI မှတ်ပုံတင်စနစ်သည် မိုဘိုင်းဆက်သွယ်ရေးကွန်ရက် လုံခြုံရေးကို မြှင့်တင်ရန်နှင့် ဆိုက်ဘာရာဇဝတ်မှုများကို ကာကွယ်ရန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် နည်းပညာအခြေပြုစနစ်ဖြစ်**

ဖြန်မာနိုင်ငံတွင် ယခုကဲ့သို့စနစ်ဆောင်ရွက်ခြင်းဖြင့် အခြားနိုင်ငံများတွင် ဆောင်ရွက်သကဲ့သို့ နိုင်ငံအတွင်း စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် မိုဘိုင်းဖုန်းအတုများသည် သုံးစွဲမှုမရသည့်အတွက် အီလက်ထရောနစ်အမှိုက် ဖြစ်နိုင်ခြေလျော့ကျစေပါမည်။ ဖုန်းပျောက်ဆုံးသွားပါက အခြားသူတစ်ဦးက ခိုးယူသုံးစွဲနိုင်သော်လည်း နောင်တွင် အမှန်တကယ် ဖုန်းပျောက်ဆုံးမှုအတွက် ခိုးယူသုံးစွဲနိုင်ခြေ များစွာလျော့ကျသွားစေမည်ဖြစ်ပါသည်။ IMEI မှတ်ပုံတင်စနစ်သည် မိုဘိုင်းဆက်သွယ်ရေးကွန်ရက် လုံခြုံရေးကို မြှင့်တင်ရန်နှင့် ဆိုက်ဘာရာဇဝတ်မှုများကို ကာကွယ်ရန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့်နည်းပညာအခြေပြုစနစ်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အရည်အသွေးပြည့် မိုဘိုင်းဖုန်းဟန်းဆက်များကို အများပြည်သူ ယုံကြည်စိတ်ချစွာ သုံးစွဲလာနိုင်မည့် အကျိုးကျေးဇူးရရှိစေခြင်း၊ ဆက်သွယ်ရေးဥပဒေပါ လိုင်စင်ရယူပြီးမှ တင်သွင်းအသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ခြင်း၊ အခွန်ကောက်ခံမှုစနစ်ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် နည်းပညာဆိုင်ရာ အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်ခြင်း၊ အောင်မြင်စွာအသုံးပြုနေသော နိုင်ငံများတွင် မိုဘိုင်းဟန်းဆက်ဈေးကွက်၏ တရားဝင်မှုနှင့် အခွန်ဘဏ္ဍာငွေများ သိသိသာသာတိုးတက်လာနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်မှ ဆောင်ရွက်နေသော ဒစ်ဂျစ်တယ်စနစ် အသွင်ကူးပြောင်းရေးဆိုင်ရာ အတွေ့အကြုံများကို ရရှိစေပါမည်။ ထို့အပြင် မိုဘိုင်းလက်ကိုင်ဖုန်းအသုံးပြု အွန်လိုင်းငွေကြေး လိမ်လည်မှုများကို ပိုမိုစောင့်ကြည့်ကိုင်တွယ်နိုင်စေမည့်အပြင် အများပြည်သူအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတဟောင်း ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၄

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆)ဦးမြောက် ဒုတိယသမ္မတအဖြစ် ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် H.E. Mr. Try Sutrisno သည် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်လက်မှတ်ရေးထိုးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ အား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတဟောင်း H.E. Mr. Try Sutrisno ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

အင်ဒိုနီးရှားဒုတိယသမ္မတဟောင်း H.E. Mr. Try Sutrisno သည် ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အင်ဒိုနီးရှား ကြည်းတပ်ဦးစီးချုပ်အဖြစ်လည်း ကောင်း၊ ၁၉၈၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အင်ဒိုနီးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အဖြစ်လည်း ကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၀ ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မဲခေါင်-လန်ချန်း(၂၀၂၅) ဆိုလာနည်းပညာဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ဆိုလာစွမ်းရည်စမ်းသပ်စင်တာတည်ထောင်ခြင်း စီမံကိန်းစတင်

နေပြည်တော် မတ် ၄

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း(၂၀၂၅)ဖြင့် ပူးပေါင်းဆောင်ရွက်သည့် "Establishing Myanmar's Solar PV Industry Technical Standards and Solar PV Testing Center" စီမံကိန်းစတင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဧေယု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာကျန်းကျီဟုန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ (မြန်မာ) ဒုတိယဥက္ကဋ္ဌ အီလက်ထရောနစ် နည်းပညာသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာပညာရှင်များ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက "နိုင်ငံတော်သာယာဖွံ့ သဘာဝ ပတ်ဝန်းကျင်ထိန်းကြစို့" ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ နိုင်ငံ့သဘာဝ ပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးနှင့် သာယာဝပြောကာ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးသည့် နိုင်ငံ့အနာဂတ် ကောင်းများကို ဖော်ဆောင်နိုင်ရေး အတွက် ပေါ်ကြွယ်ဝသည့် နေစွမ်းအင်ရင်းမြစ်များမှ ဆိုလာစီမံကိန်းကြီးများနှင့် ဆိုလာအသေးစားစနစ်များဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ MSME လုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး မြို့ပြကျေးလက် မရွေး ဆိုလာစနစ်များ တပ်ဆင်သုံးစွဲမှုများ သိသာစွာမြင့်တက်လာရာ ဆိုလာနည်းပညာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရန်နှင့် အရည်အသွေးပြည့်မီကာ အာမခံချက်ရှိ ရန်လိုအပ်ကြောင်း။

အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကမ္ဘာနှင့်ရင်ပေါင်တန်းကာ ဆိုလာစနစ်များကို ပြည်သူများ ပိုမိုအကျိုးရှိ ထိရောက်စွာသုံးစွဲနိုင်ရေး ယခု မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် တည်ထောင်မည့် ဆိုလာစွမ်းရည် မြှင့်တင်ရေးဆိုင်ရာ စမ်းသပ်စင်တာသည် အုတ်မြစ်ကောင်း တစ်ခုပင်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် ယမန်နှစ်က စိန်ရတု ပြည်နှစ် ပြည့်မြောက်ခဲ့ပြီး ဖြစ်သည့် တရုတ်-မြန်မာသံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် တစ်တပ်တစ်အား အထောက်အကူ ပြုနိုင်မည်ဟု ယုံကြည်ကြောင်း၊ စီမံကိန်းမှ အကျိုးကျေးဇူးများကို ပိုမိုတိုးပွားစေရေးအတွက် ဆိုလာ Stakeholders များအားလုံး ပူးပေါင်း ဆောင်ရွက်မှုများကို အရှိန်အဟုန် မြှင့်တင်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာကျန်းကျီဟုန်က အမှာစကားပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ (မြန်မာ) ဒုတိယဥက္ကဋ္ဌဖြစ်သူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ မိတ်ဆက်ပြောကြားပြီး ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ် နည်းပညာသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာလုပ်ငန်းများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ နိုင်ငံတကာပညာရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များ အလိုက် ဆွေးနွေးတင်ပြကြသည်။

ယခုစီမံကိန်းသည် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း (၂၀၂၂) ဆိုလာစီမံကိန်း၏ နောက်ဆက်တွဲ စီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပြီး မျှော်မှန်းရလဒ်များမှာ နိုင်ငံတော်ရှိ ဆိုလာလုပ်ငန်းများအတွက် နည်းပညာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ ဆိုလာစွမ်းအင် စမ်းသပ်စင်တာ တည်ထောင်ခြင်း၊ ဆိုလာ Stakeholders များအားလုံး၏ နည်းပညာကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်း၊ နိုင်ငံ့ဆိုလာစီမံကိန်းများ အတွက် အထောက်အကူပြုခြင်း အပြင် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ ဆိုလာစီမံကိန်းများတွင် အကျိုးရှိရှိ မှီငြမ်းအသုံးချနိုင်ခြင်း တို့ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဝါးခယ်မမြို့နယ်၌ မီးဘေးကာကွယ်ရေး အသိပညာပေး

ဝါးခယ်မ မတ် ၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြသိန္ဓိဆန်စက်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ် ဦးစီးမှူး ဦးချစ်ထွေးအောင်နှင့် တပ်ဖွဲ့ဝင်များက မြသိန္ဓိဆန်စက်အတွင်း မီးသုံးစွဲမှုနှင့် မီးဘေးကြိုတင်ကာကွယ်ထားရှိမှုကို စစ်ဆေးပြီး ဆန်စက်ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံတွေ့ပါက မှန်ကန်စွာ တုံ့ပြန်နိုင်ရန် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လွမ်းသီဟ(ပြန်/ဆက်)**

မြဝတီမြို့၌ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများပယောက်စေရေး အသိပညာပေး

မြဝတီ မတ် ၄

ကရင်ပြည်နယ် မြဝတီမြို့ အွန်လိုင်းလိမ်လည်မှုနှိမ်နှင်းရေး လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီဝင်များ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို မတ် ၃ ရက်က အောင်မင်္ဂလာ မန္တာရုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် (၂) ဦးစိန်သောင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့် မြို့နယ်ဥပဒေရုံး၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးထူးထက်အောင်တို့က အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများ စတင်အမြစ်တွယ်ပျံ့နှံ့ရခြင်း အကြောင်းအရာများ၊ လက်တလော ဖြစ်ပွားနေသည့် အွန်လိုင်းလိမ်လည်မှု ပြဿနာ ဖြစ်စဉ်များနှင့် ကြုံတွေ့နေရသည့် ဆုံးရှုံးမှုများနှင့် အရေးယူအပြစ်ပေးချမှတ်လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေပုဒ်မများ၊ သတိပြုကာကွယ်ရမည့် အချက်များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)ရဲအုပ်နိုင်ထွန်းက အွန်လိုင်းမှတစ်ဆင့် လူကုန်ကူးမှု၊ လိမ်လည်မှု၊ ငွေကြေး လိမ်လည်မှုနှင့် သွေးဆောင်မှု ဖြစ်စဉ်များနှင့် သတိပြုဆင်ခြင်ရမည့် အချက်များကို ဟောပြောခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

စက်သုံးဆီနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြည်သူသို့ အသိပေးပြောကြားချက်

နေပြည်တော် မတ် ၄

ဒီနေ့မှာတော့ မီဒီယာများ မေးမြန်းနေကြတဲ့ စက်သုံးဆီကိစ္စနဲ့ ပတ်သက်ပြီး ပြောကြားပါမယ်။ မနေ့ကတော့ ကျွန်တော်တို့အနေနဲ့ စက်သုံးဆီ ခြိုးခြံချွေတာရေးအတွက် ပြည်သူသို့ အသိပေးပန်ကြားချက်ဆိုပြီးတော့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါကို အဓိကထုတ်ပြန်ရတဲ့ အကြောင်းအရင်းကတော့ နံပါတ်တစ် ကျွန်တော်တို့နိုင်ငံမှာ အရန်စက်သုံးဆီ မရှိလို့ မဟုတ်ပါဘူး။ ထပ်ပြောပါမယ်၊ အရန်စက်သုံးဆီ မရှိလို့ ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပါဘူး။ ရေရှည်ဖြစ်လာနိုင်တဲ့ကိစ္စတွေကို တွက်ဆပြီးတော့ ကျွန်တော်တို့ ခြိုးခြံချွေတာရေးအတွက်သာ ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ စနစ်တကျ အသုံးပြုပြီးတော့ ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ လောင်စာဆီ အခက်အခဲကို မြန်မာနိုင်ငံအနေနဲ့ စနစ်တကျ ဖြတ်သန်းနိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြောချင်တာက တော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စက်သုံးဆီသုံးစွဲမှု တစ်ရက်ကို ဓာတ်ဆီ ၁ သောင်း ၅ သန်းဂါလန်ရှိပါတယ်။ ဒီဇယ်ဆီ ၁ သောင်း ၇ သန်းဂါလန်ခန့်ရှိပါတယ်။ စုစုပေါင်းရင်တော့ တစ်ရက်ကို ဆီဂါလန် ၃ သောင်း၂ သန်းခန့် သုံးစွဲနေတာ ဖြစ်ပါတယ်။ အခုကျွန်တော်တို့ လက်ရှိမြန်မာနိုင်ငံမှာ ဓာတ်ဆီဂါလန် သန်း ၆၀ ရှိပြီး စုပုံထားပြီး ဖြစ်ပါတယ်။ ဒီဇယ်ဆီဂါလန် သန်း ၇၀ နီးပါး စုပုံထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် မလို့မြန်မာနိုင်ငံအတွင်းမှာ အရန်ဆီအနေနဲ့ နောက်ထပ် ရက် ၄၀ စာ ရှိတယ်လို့ နိုင်မာစွာ ပြောကြားလိုပါတယ်။ ဒါ့အပြင် ဆိပ်ကမ်းမှာ ယခုလက်ရှိ ဆီမချရသေးဘဲနဲ့ ကပ်ထားတဲ့ သင်္ဘော နှစ်စင်း ရောက်ရှိနေတာ ရှိပါတယ်။ ကျွန်တော်တို့ဝယ်ယူထားပြီးသား လမ်းမှာ စက်သုံးဆီသင်္ဘော ၁၄ စင်း ရှိပါတယ်။ အဲဒီ ၁၄ စင်းကလည်း ကျွန်တော်တို့ဆီကို ရက်ပိုင်းတွေအတွင်းမှာ ဆိုက်ကပ်လာနိုင်ပါတယ်။ ဘာအခက်အခဲမှ မရှိဘူးဆိုတာ ပြောလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံ ထိုင်းနိုင်ငံအနေနဲ့က သူတို့နိုင်ငံကနေပြီး ဆီတင်ပို့တာ ပိတ်သိမ်းလိုက်ဗြီဆိုတာကို ကြေညာတာနဲ့ပတ်သက်ပြီးတော့ ကောလာဟလ သတင်းတွေ ထုတ်လွှင့်နေတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့သည် ဆီတင်သွင်းတာသည် အရှေ့တောင်အာရှနိုင်ငံတွေထဲက ဆိုရင် စင်ကာပူနဲ့ မလေးရှားကနေ ကျွန်တော်တို့ တင်သွင်းနေတာ ဖြစ်ပါတယ်။ စင်ကာပူတို့၊ မလေးရှားတို့မှာလည်း ဆီနဲ့ပတ်သက်လာရင် သူ့မှာ ရေနံချက်စက်ရုံတွေ သူက ရှိပြီးဖြစ်ပါတယ်။ သူတို့နိုင်ငံတွေအနေနဲ့လည်း သူတို့ရေနံချက်စက်ရုံတွေကို ရပ်ပြီးတော့ နေမှာမဟုတ်ပါဘူး။ သူတို့အနေနဲ့ အရှေ့အလယ်ပိုင်းက ရေနံမရလည်း ရတဲ့နိုင်ငံကနေ ရေနံသွင်းပြီးတော့ လည်ပတ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့အနေနဲ့က ဒါသည် သူတို့ရဲ့ လှုပ်ရှားရမယ့် စီးပွားရေးလုပ်ငန်းဖြစ်တဲ့ အတွက်ကြောင့် လည်ပတ်မှု ရပ်တန့်စရာ မရှိပါဘူး။ ဒါကြောင့်မလို့ ကျွန်တော့်အနေနဲ့ ပြောချင်တာက တော့ ဒီစက်သုံးဆီနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ ပြတ်လပ်သွားစရာ အကြောင်းမရှိပါဘူး။

သို့သော် ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့အခြေအနေအရ စက်သုံးဆီများကတော့ စျေးနှုန်းများက မမ္ဘာ့စျေးနှုန်းနဲ့အညီတော့ ဖြစ်လာနိုင်စရာ အကြောင်းရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ဒီနေ့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ လိုက်လံပြီးတော့ ပညာပေးတာတွေ၊ လိုက်လံပြီးတော့ အသိပေးတာတွေ၊ ပြည်သူလူထုကိုလည်း မေတ္တာရပ်ခံ အသိပေးတာတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပြီးရင် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကလည်း မကြာခင်မှာ အများပြည်သူကို အသိပေးကြေညာချက်တစ်ခု ကြေညာမှာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စက်သုံးဆီနဲ့ ပတ်သက်ပြီးရင် ပြည်သူလူထုမစိုးရိမ်ဖို့အကြောင်းတွေ ပါမှာဖြစ်တယ်။ ဘယ်လိုထောက်ပံ့ရေးကွင်းဆက် စက်သုံးဆီ မပြတ်တောက်ဖို့ ဘယ်လိုလုပ်မလဲဆိုတာတွေ လည်း ပါမှာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူများအနေနဲ့ ယခုကျွန်တော်တို့ သိရှိရပါတယ်။ စက်သုံးဆီဆိုင်တွေမှာ လှုံ့ဆော်မှုတွေ၊ စိုးရိမ်မှုတွေကြောင့် တန်းစီဝယ်ယူနေတာ ရှိပါတယ်။ ဆီပြတ်သွားစရာအကြောင်း မရှိပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ စနစ်တကျလိုတဲ့သူက ဝယ်မယ်၊ စနစ်တကျ လုပ်ဆောင်သွားကြဖို့ပဲ ပြောလိုပါတယ်။ ဆီနဲ့ပတ်သက်ပြီးတော့ ကျွန်တော် စက်သုံးဆီဆိုင်တွေကိုလည်း ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ဆီနဲ့ပတ်သက်ပြီး မရောင်းတဲ့ စက်သုံးဆီဆိုင်တွေရှိရင်လည်း စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဖုန်းနံပါတ်တွေနဲ့ ထုတ်ပြန်ပါမယ်။ တိုင်ကြားနိုင်ပါတယ်။ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အနစ်ချုပ်အနေနဲ့ ပြောရရင် မြန်မာနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ ရောက်ရှိနေတဲ့ စက်သုံးဆီပုံမှန်သုံးစွဲရင်တောင်မှပဲ ရက် ၄၀ စာ အရန်ရှိပါတယ်။ ဆိပ်ကမ်းမှာ မချရသေးတဲ့ သင်္ဘော နှစ်စင်းရှိပါတယ်။ လမ်းမှာ စက်သုံးဆီများ ဝယ်ယူပြီးတော့ တင်ဆောင်ပြီးသားနေတဲ့ သင်္ဘော ၁၄ စင်း ရှိပါတယ်။ စက်သုံးဆီ ပြတ်တောက်စရာအကြောင်း မရှိပါဘူးလို့ပဲ ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

သီလဝါရှိ Terminal များတွင် စက်သုံးဆီတင်သင်္ဘောများ ဝင်ရောက်လျက်ရှိမှုကို တွေ့ရစဉ်။

✣ ကျောဖုံးမှ

စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီဖူလုံမှုရှိစေရေး အစီအမံဖြင့် ဆောင်ရွက်ထားရှိသည်အတွက် ရက် ၄၀ ခန့်စာ တင်သွင်းသိုလှောင်ထားရှိပြီး စက်သုံးဆီများကို သီလဝါမှ နိုင်ငံတစ်ဝန်းသို့ ဆီတင်ယာဉ်များဖြင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက် ရှိပါသည်။ ဆက်လက်၍ ကြိုတင်စီမံထားသည့် အစီအစဉ်အတိုင်း သီလဝါဆိပ်ကမ်းတွင် သင်္ဘော နှစ်စင်း၊ လမ်းခရီးတွင် သင်္ဘော ခြောက်စင်း၊ ဆိတင်ရန် စောင့်ဆိုင်းနေသည့် သင်္ဘော ရှစ်စင်းဖြင့် ထပ်မံဖြည့်တင်းသွားမည်ဖြစ်ပါသည်။ ပြည်ပမှ စက်သုံးဆီ သင်္ဘောများ စဉ်ဆက်မပြတ် ရောက်ရှိစေရေး သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် ညှိနှိုင်း ဆောင်ရွက်ထားရှိပြီး ဖြစ်သည့် အပြင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေချိတ်ဆက် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့်လည်း ဖြစ်ပေါ်လာနိုင်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့အခြေအနေများကို အနီးကပ် စောင့်ကြည့်လျက်ရှိပါသည်။

သို့ဖြစ်၍၊ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကို စိုးရိမ်ကြောင့်ကြမှု မဖြစ်ကြရန်နှင့် သက်ဆိုင်ရာဌာနမှ တရားဝင်ထုတ်ပြန် ပေးလျက်ရှိသည့် သတင်းများကိုသာ ယုံကြည်ကြရန် လိုအပ်ပါကြောင်း၊ တရားမဝင် ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် စိုးရိမ်စိတ်လွန်ကဲ၍ စက်သုံးဆီကို မလိုအပ်ဘဲ ဝယ်ယူသိုလှောင်ခြင်းများကို လုံးဝ (လုံးဝ) မပြုလုပ်ကြပါရန် စွမ်းအင်ဝန်ကြီးဌာနမှ မိတ်ပြည်သူများသို့ မေတ္တာရပ်ခံ အပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူ့သို့ အသိပေးကြေညာချက်အား ဖြည့်စွက်ထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၄

စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအတွက် ပြည်သူ့သို့ အသိပေးကြေညာချက်အား ၂၀၂၆ ခုနှစ် မတ်လ ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် လည်ပတ်နိုင်စေရန်အတွက် အဆိုပါ အသိပေးကြေညာချက်၏ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသည့် နေ့စဉ်အသုံးပြုနိုင်သည့် မော်တော်ယာဉ်များတွင် အောက်ပါအကြောင်းကိစ္စများအတွက် အသုံးပြုသည့် မော်တော်ယာဉ်များအား ဖြည့်စွက်ထုတ်ပြန်အပ်ပါသည်–

(က) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ဝန်ထမ်းကြိုပို့ယာဉ်များ၊

(ခ) ကုန်စည်ဖြန့်ဖြူးရေးတွင် အသုံးပြုသည့်ယာဉ်များ၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ရုံးလုပ်ငန်းအသုံးပြုသည့်ယာဉ်များ၊

(ဃ) ကျောင်းကြို/ပို့ယာဉ်များ။

နေ့စဉ်အသုံးပြုသည့် မော်တော်ယာဉ်များအနေဖြင့်လည်း သုံးစွဲသည့်အခေါက်ရေ အနည်းဆုံးနှင့် သုံးစွဲသည့်ယာဉ်စီးရေ အနည်းဆုံးဖြစ်အောင် ကန့်သတ်ခြိုးခြံဆောင်ရွက်ကြရန်နှင့် အထက်ပါ အကြောင်းကိစ္စများအတွက် သုံးစွဲသည်မှာ မှန်ကန်ကြောင်း ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူများတွင် လည်းကောင်း၊ ယာဉ်များတွင်လည်းကောင်း သက်ဆိုင်ရာ အလုပ်ဌာနများ၏ ခိုင်လုံသည့်အထောက်အထား သို့မဟုတ် ထောက်ခံချက်များ ပါရှိရမည်ဖြစ်ကြောင်း ဖြည့်စွက်အသိပေးကြေညာအပ်ပါ သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၄

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စီစဉ်ဆောင်ရွက်ပေး

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များကို အဓိကစွမ်းအားစုအဖြစ်ပါဝင်လာစေပြီး ဗဟင်းတန်နှင့် ပြည့်စုံသည့် လူငယ်များအဖြစ် ပေါ်ထွက်လာစေရေး လူငယ်ကဏ္ဍကို ဘက်စုံ၊ ကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်ရေးရာဦးစီးဌာနရုံးများကို အစီအစဉ်အလိုက် ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် နေပြည်တော်ကောင်စီ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လူငယ်ရေးရာဦးစီးဌာနရုံးများ စတင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများ ခန့်ထားရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေးအနေဖြင့် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာဦးစီးဌာနရုံးများ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ပုံပိုးကူညီဆောင်ရွက်ပေးသွားရန် အထူးမေတ္တာရပ်ခံ ပြောကြားလိုကြောင်း၊ လူငယ်ပြိုင်ဝန်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ချီးမြှင့်၍ အဖွင့်အမှာစကား ပြောကြားပေးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရန် လူငယ်စင်တာများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ကရင်ပြည်နယ်ခရီးစဉ်တွင် လူငယ်စင်တာများကို အကျိုးရှိစွာအသုံးချရန်လိုအပ်ပြီး ပြည်နယ်အတွက် အကျိုးရှိစေမည့်သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာများကို သင်ကြားပေးခြင်းနှင့် လူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများအပြင် နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေးရန်နှင့် စည်းကမ်းတကျနေထိုင်သွားလာတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က မိမိတို့ပညာရေးဝန်ကြီးဌာနသည် ကျောင်းတက်ဆဲနှင့် ကျောင်းပြင်ပတွင် ရှိသည့် လူငယ်များနှင့် အများဆုံးဆက်ဆံပတ်သက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး အခြေခံပညာကျောင်းများ၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်ကျောင်းများစွာရှိသည့်အတွက် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ Trafficking၊ Online game၊ E cigarettes၊ Vape ကိစ္စများနှင့် ပတ်သက်ပြီး လူငယ်အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားပိုင်းများ၊ ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြောပွဲများ၊ လူပ်ရှားမှုများကို ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူငယ်စင်တာများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်နှင့် သင်ခန်းစာပေးသည့် Movie နှင့် Short Video များ ပြသပေးခြင်း၊ အသိပညာဗဟုသုတများစွာ ရရှိစေရေးအတွက် Study Tour များသွားရောက်စေခြင်း၊ ပြည်တွင်း/ပြည်ပလေ့လာရေးခရီးစဉ်များ၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် လေ့လာလိုက်ပါခွင့်များနှင့် အရည်အချင်းရှိသူများကို စနစ်တကျ ရွေးချယ်၍ ဒေသတွင်းအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိအောင် ရွေးချယ်ပေးခြင်းများကို ဆောင်ရွက်ပေးသွားပါက ဗဟင်းတန်နှင့်ပြည့်စုံသည့် လူငယ်များ ပိုမိုထွက်ပေါ်လာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်းရတနာများ ပိုမိုထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၏ မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဦးဇင်မင်းထက်က မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များက လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီများအလိုက် အစည်းအဝေးများ၊ အားကစားပြိုင်ပွဲများ၊ ကင်းထောက်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲအခမ်းအနားများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းများ၊ နွေရာသီအားကစားသင်တန်းများ၊ လူငယ်စကားပိုင်းများ၊ လူငယ်ဖိုရမ်အခမ်းအနားများ၊ ဖိုရမ်ထပ်ဆင့်ဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်ပေးခဲ့မှုများနှင့် လူငယ်စင်တာများ ဖွင့်လှစ်နိုင်ရေး၊ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များ မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် လျှောက်လမ်းနိုင်စေရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရေး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆိုလာနည်းပညာကိုတတ်ကျွမ်းပါက ခိုင်မာသည့်အလုပ်အကိုင်အခွင့်အလမ်းနှင့်ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်မည်

ဘားအံ မတ် ၄

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ကလေးအလုပ်သမား ပယောဂကိုရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကြီးမှူးပြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ဘားအံ)၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော လျှပ်စစ်ဆိုလာ တပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် သင်တန်းသားများ၏ ဘဝရပ်တည်နေထိုင်ရေး အတွက် အကျိုးဖြစ်ထွန်းစေမည့်သင်တန်းဖြစ်ပြီး သင်ကြားပို့ချပေးသော သင်ခန်းစာများကို သေချာစွာ လေ့လာမှတ်သားအသုံးချ၍ မိမိဘဝ တိုးတက်အောင်မြင်နိုင်ရေးအတွက် စနစ်တကျသင်ယူကာ အောင်မြင်သည့် ပန်းတိုင်သို့ရောက်ရှိနိုင်အောင် ကြိုးစားအားထုတ်ကြစေ လိုကြောင်း၊ ခေတ်နှင့်အညီ တိုးတက်လာသည့် ဆိုလာနည်းပညာကို တတ်ကျွမ်းမည်ဆိုပါက ခိုင်မာသည့်အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်သည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လက်တွေ့ဘဝနယ်ပယ်တွင် အသုံးချနိုင်ရန်အတွက် အားသွန်ခွန်စိုက် ကြိုးစား အားထုတ်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှူးက သင်တန်းများဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဖွင့်လှစ်ခဲ့သောသင်တန်းများမှ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံမိဘပြည်သူများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းကို ဘုရားကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့နှင့် လုပ်ငန်းခွင်ဆိုင်ရာ အတွေ့အကြုံများကို မတ် ၄ ရက်မှ ဧပြီ ၄ ရက်အထိ တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ချောင်းဆုံမြို့နယ် မြို့မအမှတ်(၁) ပျံကျစျေး၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက်သရုပ်ပြ

ချောင်းဆုံ မတ် ၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယနေ့နံနက်ပိုင်းတွင် ချောင်းဆုံအနောက်ရပ်ကွက် မဟာကန်တော်ကြီးရှေ့ မြို့မအမှတ်(၁) ပျံကျစျေး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ် မီးဘေးအန္တရာယ်ကျရောက်လာပါက မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းနှင့် လက်တွေ့ ဆောင်ရွက်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြပြီး မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအနေဖြင့် အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း ဖွင့်လှစ်

နေပြည်တော် မတ် ၄

နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ယခုသင်တန်းတွင် တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသဘောတရားများကို သေချာစွာ နားလည်သဘောပေါက်မှသာ သဘာဝဘေးလျော့ပါးရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချဆွေးနွေးမှုများအား စိတ်ဝင်တစား ဂရုတစိုက် သင်ယူမှတ်သားလေ့လာပြီး ရရှိသည့်အသိပညာ၊ ဗဟုသုတအတွေ့အကြုံများကို မိမိတို့မြို့နယ်များတွင် ကျရောကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး သင်တန်းသားသင်တန်းသူများအား သင်တန်းသုံးပစ္စည်းများကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးဖွင့်လှစ်ပေးခြင်းဖြစ်ပြီး (ဆင့်ပွား)သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်၍ မတ် ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချ ပေးမည်ဖြစ်သည်။

အောင်သူရဦး(ဒကို့ဏ)

မွန်ပြည်နယ်ဝန်ကြီးချုပ် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် မိတ်ဆက်အခမ်းအနား တက်ရောက်

မော်လမြိုင် မတ် ၄

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် မိတ်ဆက်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်သူက ရွေးချယ်ပေးသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ လွှတ်တော်၏တာဝန်များဖြစ်သည့် ပြည်သူလူထုကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ကိုယ်စားလှယ်များအားလုံးက ပူးပေါင်းပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်၏ အဓိကလုပ်ငန်းစဉ်(၃)ရပ်ကို ပြည်သူများက စိတ်ဝင်တစား ပူးပေါင်းလာသည်အမျှ ပိုမိုအားကောင်းပြီး ထိရောက်သည့် လွှတ်တော်တစ်ရပ်အဖြစ် ဖော်ဆောင်လာနိုင်မည်ဖြစ်၍ ပြည်သူများက ယုံကြည်အားထားမှုရှိသည့် လွှတ်တော်တစ်ရပ်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြို့က ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား ကိုယ်စားလှယ်အသိအမှတ်ပြုလွှာများ ပေးအပ်သည်။

ယင်းနောက် မွန်ပြည်နယ်လွှတ်တော်ရုံး ဒုတိယဥက္ကဋ္ဌကြားရေးမှူးချုပ် ဦကျော်ဇင်ထက်က ပထမအကြိမ်နှင့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်လုပ်ငန်းဆောင်ရွက်ချက်များ(အနှစ်ချုပ်)၊ လွှတ်တော်ရုံးဆိုင်ရာကိစ္စရပ်များနှင့် ကိုယ်စားလှယ်

များ စရိတ်ချီးမြှင့်ငွေဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရေး စီမံချက်နှင့် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပပုံတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပပုံအကြိုသရုပ်ပြလေ့ကျင့်မှု ဗီဒီယိုကိုပြသပြီး မွန်ပြည်နယ်သတင်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ခင်မောင်လှက လုံခြုံရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ရင်းရင်းနှီးနှီး လိုက်လံဂုဏ်ပြုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

သာယာဝတီ မတ် ၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျွဲသတ် ကျေးရွာနှင့် ကျွန်းကုန်းကျေးရွာ တို့၌ ရေဆင်းပေါ်ဆန်းစပါး ခေါင်နှံပျိုး၍ စိုက်ပျိုးခြင်း၊ ပဲခူးတိုင်း ဒေသကြီးမှ ထုတ်လုပ်ထားသည့် လူစီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြသမှုကို ကွင်းဆင်း ကြည့်ရှုအားပေးပြီး ရေဆင်းပေါ်ဆန်းစပါးမျိုးသည် ရာသီမရွေး စိုက်ပျိုးနိုင်သည့် တန်ဖိုးမြင့်စပါးမျိုးဖြစ်၍ စျေးနှုန်း တွက်ခြေကိုက်မှု ရှိခြင်းကြောင့် တောင်သူများကိုယ်တိုင် မျိုးသန့်စင်ခြင်း၊ မျိုးစေ့ထုတ်စိုက်ပျိုးခြင်းများအပြင် ဒေသနှင့်ကိုက်ညီသည့် တန်ဖိုးမြင့်စပါးမျိုးများအား သြဂဲနစ် စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာ အုပ်စု၌ နိုင်ငံ့စီးပွားဖြင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဦးထက်ဝေခိုင် ၏ အသားတိုးဝက်အကောင် ၇၀ နှင့် မျိုးဝက်မ ခြောက်ကောင် မွေးမြူထားရှိမှုကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၄၈၇ သန်းဖြင့် မင်းလှ-ရှမ်းတော လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နေမှုကို လည်းကောင်း၊ ဆုံကုန်းကျေးရွာအုပ်စုရှိ တစ်ဆက်တစ်စပ်တည်း အစေ့ထုတ်ပြောင်း ၈က ၂၀၀စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ မြစ်သာ ပေါက်ချောင်းအား ဖြတ်သန်း၍ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုကို လည်းကောင်း၊ မိုးညိုမြို့နယ် ဖလံကုန်း ကျေးရွာအုပ်စု၌ တစ်ဆက်တစ်စပ် တည်း ၈က ၃၀၀ ငရုတ်စိုက်ခင်းများ စိုက်ပျိုးအောင်မြင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧဝလုံခြုံရေး အထူးအလေးထားရန်၊ ဒေသဝက်နှင့် ဒေသကြက် တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်ရန်မှာကြားပြီး စိုက်ပျိုးရေး ထွက်ကုန်များကို ကုန်ကြမ်းမှ တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒေါပုံမြို့နယ်၌ သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုနှင့် တီဘီရောဂါရှာဖွေကုသခြင်းအစီအစဉ် ဆောင်ရွက်

ဒေါပုံ မတ် ၄

ဒေါပုံမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိသည့် သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းနှင့် မြို့နယ်အားကစားခန်းမများ၌ ယနေ့နံနက် ၈ နာရီကစတင်ကာ သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုနှင့် တီဘီရောဂါရှာဖွေကုသခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးသည်။

ဦးစွာ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် သွေးတိုးနှင့် ဆီးချိုရောဂါများ ကင်းဝေးစေရန် နေထိုင်စားသောက်မှုမှန်ကန်စေရေး အသိပညာပေးဟောပြောပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် တီဘီရောဂါတိုက်ဖျက်ရေးဌာနခွဲ (ရန်ကုန်)မှ တီဘီလူနာရှာဖွေခြင်း၊ Screening ပြုလုပ်ခြင်းနှင့် ခုံထိုင်ကျန်းမာရေးလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ယင်းနောက် ကျန်းမာရေးဝန်ထမ်းများက သက်ကြီးရွယ်အို များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၄

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) တပ်နယ်အားကစားခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဓော်ဟိန်း၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ တပ်မတော်နှင့် အရပ်ဘက်မှ ဆေးပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ စစ်ရေးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးတို့က (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် စစ်ရေးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် ဧည့်ခံတေးသီချင်းများနှင့် သီဆိုဖျော်ဖြေတင်ဆက်ခြင်းတို့ကို ကြည့်ရှုအားပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် စစ်ရေးချုပ်တို့ထံ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးက (၃၁) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အမှတ်တရ လက်ဆောင်အား လက်ဝယ် အရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် စစ်ရေးချုပ်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ သုတေသနပိုစတာများနှင့် ဆေးပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် မတ် ၄

(၃၁)ကြိမ်မြောက်မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) တပ်နယ်အားကစားခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)များ၊ သူနာပြု/ ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ အငြိမ်းစား အရာရှိကြီးများ၊ ရုရှားနိုင်ငံမှ ဆေးပညာရှင်များ၊ ထိုင်းဘုရင်တပ်မတော်ဆေးတပ်ဖွဲ့၊ ဗီယက်နမ်နိုင်ငံ ဆေးတပ်ဖွဲ့၊ လာအိုနိုင်ငံ ဆေးတပ်ဖွဲ့၊ ဘူလ်တန်နိုင်ငံ ဆေးတပ်ဖွဲ့နှင့် အိန္ဒိယနိုင်ငံတို့မှ အရပ်ဘက် ဆေးပညာရှင်များ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဦးစွာ (၃၁) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသော သုတေသနပိုစတာများအား လှည့်လည်ကြည့်ရှုသည်။

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ ဦးတည်ချက်မှာ "**အခက်အခဲများပြားသည့်ကာလ စစ်မြေပြင်ဆေးအကာအကွယ်ပေးမှုတွင် မဟာဗျူဟာမြောက် စီမံခန့်ခွဲခြင်း** " ဖြစ်ပြီး အဆိုပါအခမ်းအနားကို ယနေ့မှ မတ် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် " **စစ်မြေပြင် ထိခိုက်ဒဏ်ရာစီမံခန့်ခွဲမှုတွင် တိုက်ပွဲဝင်အသင့်ဖြစ်စေရန် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများ** "၊ Symposium များအဖြစ် "**သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ်များတွင် မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့၏ အခန်းကဏ္ဍ** "၊ "**ဆေးလက်ထောက်များအတွက် စစ်မြေပြင်ထိခိုက်ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်မှုဆိုင်ရာ လေ့ကျင့်ရေး** "၊ "**ရှမ်းပြည်နယ် တောင်ပိုင်းဒေသတွင် စစ်မြေပြင်ထိခိုက်ဒဏ်ရာရသူများ ပြုစုစောင့်ရှောက်မှုဆိုင်ရာ အတွေ့အကြုံများအား ပြန်လည်မျှဝေခြင်း**"၊ "**တပ်မတော်ဆေးရုံများတွင်ဥပဒေရေးရာဆေးပညာဆိုင်ရာ အမှုအခင်းများကို ကိုင်တွယ်ဖြေရှင်းခြင်း**"၊ "**အမျိုးသမီးကင်ဆာရောဂါများ ကုသမှုအရည်အသွေး မြင့်မားရေးအတွက် ပြောင်းလဲလာသော လက်တွေ့ကုထုံးဆိုင်ရာများကိုလေ့လာခြင်း**"၊ "**ကျောက်ကပ်အစားထိုးကုသရာတွင် စိန်ခေါ်မှုများနှင့် အခက်အခဲများ**"၊ " **တပ်မတော်ဆေးသုတေသနတပ်၏ ဆေးဘက်ဆိုင်ရာ သမိုင်းစဉ်မှတ်တမ်း**"၊ "**ပိုးသတ်ဆေး ယဉ်ပါးမှုဆိုင်ရာ အခြေအနေများနှင့် စိန်ခေါ်မှုများ**" စသည့်ခေါင်းစဉ်များနှင့် Special Talk တစ်ခုတို့အား ဆွေးနွေးခဲ့ကြသည်။

ယင်းအပြင် သုတေသနစာတမ်းများအဖြစ် ဆေးပညာ၊ သားဖွားနှင့် မီးယပ်ရောဂါပညာ၊ အဏုဇီဝဗေဒ၊ သူနာပြုပညာ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၃၂ စောင်တို့ကို ပါဝင်ဖတ်ကြားတင်သွင်းကြသည်။

နှီးနှောဖလှယ်ပွဲသို့ တပ်မတော် ဆေးရုံ/ ဆေးတပ်ရင်းတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)နှင့် သူနာပြု/ ကျွမ်းကျင်သူ ကိုယ်တိုင်တက်ရောက်သူများအနေဖြင့် စုစုပေါင်း ၄၈၈ ဦး တက်ရောက်ခဲ့ပြီး အွန်လိုင်းမှ စုစုပေါင်း ၁၅၁ ဦး တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ထိုပြင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ရုရှားနိုင်ငံမှ Professor Ekaterina Sergeevna Marchenko ဦးဆောင်သောအဖွဲ့၊ ထိုင်းဘုရင့်တပ်မတော်ဆေးတပ်ဖွဲ့မှ Col. Kathawoot Deepreecha ဦးဆောင်သော အဖွဲ့၊ ဗီယက်နမ်တပ်မတော်ဆေးတပ်ဖွဲ့မှ Senior Col. Tran Duy Hung ဦးဆောင်သောအဖွဲ့၊ လာအိုတပ်မတော်ဆေးတပ်ဖွဲ့မှ Col. Dr. Phouvilay Phounsavath ဦးဆောင်သောအဖွဲ့၊ ဘူလ်တန်တပ်မတော်ဆေးတပ်ဖွဲ့မှ Col. Dr. Tashi Tenzin ဦးဆောင်သောအဖွဲ့၊ အိန္ဒိယနိုင်ငံမှ Dr. K. M. Mandana ဦးဆောင်သောအဖွဲ့တို့အား အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)ရှိ ဧည့်ခန်းမတွင် အသီးသီးတွေ့ဆုံ၍ နှစ်နိုင်ငံဆေးပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘောဒီးယားနိုင်ငံ၌ အွန်လိုင်းလောင်းကစားစင်တာများအား ဇီပြီလနောက်ဆုံးထား၍ အရေးယူဆောင်ရွက်မည်

ဖနောင်ပင် မတ် ၄

ကမ္ဘောဒီးယားနိုင်ငံသည် အွန်လိုင်းလောင်းကစားပြုလုပ်သည့် စင်တာများအား ယခုနှစ် ဇီပြီလနောက်ဆုံးထား၍ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟွန်မာနတ်က မတ် ၃ ရက်တွင် ပြောကြားသည်။

ဖနောင်ပင်တွင်ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘောဒီးယား-အာဆီယံစီးပွားရေးထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုဆောင်ရွက်ချက်သည် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးမှုကို အားဖြည့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပတ်ဝန်းကျင်၏ တည်ငြိမ်အားကောင်းမှုကို ထိန်းသိမ်းကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် အွန်လိုင်းလောင်းကစားလုပ်ငန်းများပြုလုပ်ခြင်းကို တားဆီးအရေးယူဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်းကျင်တစ်ခုကို တည်ထောင်ရန် လိုအပ်သည်များကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံသားများ၏လူမှုစီးပွားဘဝများလုံခြုံမှုရှိစေရေးအတွက် နိုင်ငံတစ်ဝန်း အွန်လိုင်းလောင်းကစားကွန်ရက်များကို အရေးယူဆောင်ရွက်နေပြီး နိုင်ငံတကာအလယ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်နေသည်။ နိုင်ငံအတွင်း ပြီးခဲ့သည့်နှစ် ဇွန်လမှစတင်၍ အွန်လိုင်းလောင်းကစားလုပ်ငန်းများကို အရေးယူဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြည်ပနိုင်ငံသားသုံးသောင်းကျော်ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ဆာဆိုကာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးအသုံးစရိတ် စံချိန်တင်မြင့်တက်

လန်ဒန် မတ် ၄

၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေး အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၃ ထရီလီယံသို့ စံချိန်တင်မြင့်တက်ခဲ့ပြီး ယမန်နှစ်ကထက် ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗြိတိန်တွေးခေါ်ပညာရှင်တစ်ဦးက ပြောကြားသည်။

နိုင်ငံတကာမဟာဗျူဟာလေ့လာရေး အင်စတီကျူဋ (၈)၏ နှစ်ပတ်လည် "ကာကွယ်ရေးဟန်ချက်ညီမှု" အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာတွင် ကမ္ဘာ့နိုင်ငံများ၏ ကာကွယ်ရေး အင်အားနှင့် ဒေသတွင်းအခြေအနေများကို ခွဲခြမ်းစိတ်ဖြာဖော်ပြထားသည်။

ဥရောပ ကာကွယ်ရေးအသုံးစရိတ်သည် ယခင်နှစ်ကထက် ၁၂ ဒသမ ၆ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၅၆၃ ဘီလီယံအထိ တိုးလာကာ ကမ္ဘာ့ပျမ်းမျှထက် အဆပေါင်းများစွာ ပိုမြင့်တက်လာကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးအသုံးစရိတ်စုစုပေါင်း၏ ၁၇ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ၂၁ ဒသမ ၄ ရာခိုင်နှုန်း အထိရှိလာသည်။

ဥရောပ၏ ဒေသတွင်းလုံခြုံရေးအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အလားတူ အမေရိကန်နိုင်ငံ၏ ကာကွယ်ရေး အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၉၂၁ ဘီလီယံဖြင့် အများဆုံးရပ်တည်လျက်ရှိပြီး တရုတ်နိုင်ငံက ၂၅၁ ဒသမ ၃ ဘီလီယံနှင့် ရုရှားနိုင်ငံက ၁၈၆ ဒသမ ၂ ဘီလီယံဖြင့် ရပ်တည်ခဲ့သည်။

ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၉ ဘီလီယံဖြင့် အဆင့် (၉) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း၌ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းပေါင်း ၂၇၀ ကျော် အကောင်အထည်ဖော်ဆောင်ရွက်

ကဘူး မတ် ၄

ပြီးခဲ့သောနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်င် မြောက်ပိုင်း ကန်ဒက်ဓ်ပြည်နယ်၌ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းပေါင်း ၂၇၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အာဖဂန်အစိုးရက စီမံကိန်း ၈၄ ခုကို အမေရိကန်ဒေါ်လာ ၉၃ သန်းခန့် ကုန်ကျခံကာ ဆောင်ရွက်ခဲ့သည်။ ကျန်စီမံကိန်းများကို နိုင်ငံတော်နှင့် နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများက ဒေါ်လာ ၅၆ သန်း အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စီမံကိန်းများတွင် လမ်းဖောက်လုပ်ခြင်းနှင့် လမ်းခင်းခြင်း၊ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ ပြည်သူ့ကျန်းမာရေးနှင့် အခြားသောပြည်သူ့ဝန်ဆောင်မှုကဏ္ဍများအပါအဝင် အခြားသောကဏ္ဍများစွာ ပါဝင်သည်။

အာဖဂန်နစ္စတန် အာဏာပိုင်များနှင့် အကူအညီပေးရေးအေဂျင်စီများက အာဖဂန်နစ္စတန်မြောက်ပိုင်းရှိ ကန်ဒက်ဓ်ပြည်နယ်အတွင်း၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင်ရန်နှင့် ဒေသခံလူထုများ လူမှုစီးပွားဘဝတည်ငြိမ်စေရန် ကြိုးပမ်းလျက်ရှိပြီး မကြာသေးမီနှစ်များအတွင်း ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု လုပ်ငန်းအများအပြားကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

လာအိုနိုင်ငံ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ် ဆောင်ရွက်လျက်ရှိ

ဗီယင်ကျန်း မတ် ၄

လာအို ကျန်းမာရေးဝန်ကြီးဌာနက ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့, ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့, တို့နှင့်ပူးပေါင်း၍ လာအိုနိုင်ငံတစ်ဝန်းရှိ ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ်ကို ယမန်နေ့တွင် စတင်သည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးမှု အစီအစဉ်သည် ကလေးများအားလုံး ပိုလီယိုရောဂါမှ ကာကွယ်ရန်နှင့် အမျိုးသားကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို အားကောင်းလာစေရန် လာအိုနိုင်ငံ၏ ကတိကဝတ်ကို အလေးပေးဖော်ပြသည်။ ဝေးလံခေါင်သီပြီး ချို့တဲ့သောရပ်ရွာများမှ ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးရန်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန၏ မတ် ၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။

လာအိုနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ပိုလီယိုနှင့် ဝက်သက်ရောဂါဖြစ်ပွားမှုများကို မှတ်တမ်းတင်ခဲ့ကြောင်း လာအို ကျန်းမာရေး ဒုတိယဝန်ကြီး ဖေဗန်ကီယိုပါဆက်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ထို့ပြင် ကလေးများအားလုံးအတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အစိုးရ၏ ကတိကဝတ်ကို အလေးပေးပြောကြားခဲ့ပြီး အဆိုပါလှုပ်ရှားမှုသည် ရပ်ရွာလူထုများ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် မိဘများ တက်ကြွစွာပူးပေါင်းပါဝင်မှုရှိစေရန် အခွင့်အလမ်းတစ်ခု ဖြစ်ကြောင်းလည်း လာအိုကျန်းမာရေး ဒုတိယဝန်ကြီး ဖေဗန်ကီယိုပါဆက်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

■

နီပေါနိုင်ငံသို့ ပြည်ပခရီးသွားလာရောက်မှု ၈ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်

ခတ္တမန္တူ မတ် ၄

နီပေါနိုင်ငံသို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပခရီးသွား ၁၀၅၄၄၁ ဦး ဝင်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း နီပေါနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က မတ် ၃ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့်လများအတွင်းက စတင်၍ နိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဝင်ရောက်မှုများပြားလာခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း လေကြောင်းခရီးဖြင့် လာရောက်သူ ပြည်ပခရီးသွား ၉၂၅၇၃ ဦးရှိခဲ့ပြီး ၎င်းအရေအတွက်သည် ပြီးခဲ့သည့်နှစ် အလားတူ ကာလကထက် ၁၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း နီပေါနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ပြောကြားသည်။

နိုင်ငံအတွင်း အများဆုံးလာရောက်သူများမှာ အိန္ဒိယနိုင်ငံသားများဖြစ်၍ အရေအတွက်အားဖြင့် ၂၂၇၄၅၅ ဦးရှိပြီး တရုတ်နိုင်ငံသားများမှာ အရေအတွက်အားဖြင့် ၁၀၈၁၆ ဦးရှိကာ ဒုတိယနေရာတွင် တည်ရှိနေသည်။ ထို့ပြင် အမေရိကန်၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံသားများသည်လည်း နိုင်ငံအတွင်း ထိပ်တန်းအဆင့် လာရောက်သူများ စာရင်းတွင်ရှိနေကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ထားဝယ်မြို့၌ ကျောင်းပြင်ပ ပညာရေးသင်ယူနေသည့် ကျောင်းသူများအတွက် ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ထားဝယ် မတ် ၄

တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သော ကျောင်းပြင်ပ ပညာရေးသင်ယူနေသည့် ကျောင်းသူများအတွက် ဖွင့်လှစ်သည့် အခြေခံစက်ချုပ် သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသူများအား ပညာဆက်လက်သင်ကြားခွင့်များ ဆောင်ရွက်ပေးနေသကဲ့သို့ လူမှုပတ်ဝန်းကျင်တွင်လည်း ၎င်းတို့၏ ဘဝရပ်တည်မှု အထောက်အကူ ပြုနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ အခြေခံစက်ချုပ်သင်တန်း တက်ရောက်ပြီး သူများအတွက် အဆင့်မြင့်စက်ချုပ် သင်တန်းကိုလည်း ဖွင့်လှစ်ပေးမည် ဖြစ်ကြောင်း၊ စက်ချုပ်ပညာရပ်သည် သာမန်ပညာရပ်တစ်ခုမဟုတ်ဘဲ သင်္ချာ၊ အင်ဂျင်နီယာဘာသာရပ်နှင့် အနုပညာတို့ပါဝင်နေသည့် အဖိုးတန်အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုဖြစ်ကြောင်း၊ စက်ချုပ်ပညာဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်ခြင်း၊ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ အခြားသူများအား သင်တန်းပြန်လည်ပို့ချခြင်းစသည့် စီးပွားရေးအခွင့်အလမ်းများစွာကို လက်လှမ်းမီဆောင်ရွက်နိုင်သည့် ပညာရပ်တစ်ခုဖြစ်ကြောင်း၊ သင်တန်းမှ ရရှိသော ပညာရပ်များဖြင့် မိမိတို့ဘဝရပ်တည်မှု၊ ကိုယ်ပိုင်ဝင်ငွေ၊ မိသားစုဝင်ငွေတိုးပွားရေးအတွက် ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ သင်တန်းမှ ရရှိသည့် ပညာရပ်များကို ဆက်လက်အသုံးပြုသွားကြရန်နှင့် ဘာသာရပ်အသစ်များကိုလည်း ဆက်လက်လေ့လာသင်ယူကြရန် လိုအပ်ကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသူ သင်တန်းသုတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်ကာ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းပို့ချမှုမှတ်တမ်း Video Clip ကို ပြသသည်။

ယင်နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုအားပေးကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၏ သဘောထားထုတ်ပြန်ချက်

ကချင်ပြည်နယ်၏ အဓိကလေကြောင်း ဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်မှ မန္တလေးမြို့သို့ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ကို (KIA)အဖွဲ့နှင့် (PDF)အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက (FPV Suicide Drone)များ အသုံးပြု၍ လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ သေဆုံးစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဝမ်းနည်းဖွယ်ရာ ကြားသိရပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့လိုလားချက်များကို လက်နက်ကိုင် အကြမ်းဖက်နည်းလမ်းများဖြင့် ရယူရန် ကြိုးပမ်းခြင်းထက် ငြိမ်းချမ်းရေးစားပွဲပိုင်းမှ အခြေခံဥပဒေနှင့် အညီ နိုင်ငံရေးနည်းလမ်းအရ အေးချမ်းစွာညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းဆောင်ရွက်သင့်သည်ဟု မိမိတို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ခံယူပါသည်။

သို့ဖြစ်ရာ စစ်ရေးနှင့်သက်ဆိုင်ဆက်နွယ်မှုမရှိသော အရပ်ဘက်လေကြောင်းလိုင်းလေယာဉ်အား အကြမ်းဖက်တိုက်ခိုက်မှုကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ရက်စွဲ၊ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်

(၅၃) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို "တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတိုးမြှင့်တင်ပို့ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"ခေါင်းစဉ်ဖြင့် ကျင်းပ

နေပြည်တော် မတ် ၄

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအကြားဆွေးနွေးညှိနှိုင်းအဖြေရှာ၍ ပူးပေါင်းဆောင်ရွက်မှုအားကောင်း ခိုင်မာလာစေရန် လစဉ်ကျင်းပလျက်ရှိသည့် (၅၃)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ကမ္ဘာ့လူဦးရေတိုးပွားမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတွင်ကျယ်လာခြင်းကြောင့် အသား၊ နို့၊ ဥ စသော မွေးမြူရေးထုတ်ကုန်များအပြင် ဦးချို၊ သားရေ၊ အရိုး၊ အမွေး စသည့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်၌ ဝယ်လိုအား တိုးလာလျက်ရှိကြောင်း၊ မွေးမြူထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်တစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ၊ ပညာရှင်များအားလုံး ပိုင်းဝန်းကြိုးပမ်းမှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မွေးမြူရေးကဏ္ဍမှ အကျိုးအမြတ်တိုးတက်ရရှိစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်စေရန် မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်မျိုးများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် လိုအပ်သကဲ့သို့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများမြှင့်တင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

အလားတူ သုတေသနတွေ့ရှိချက် နည်းပညာများကို မွေးမြူတောင်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းကို သက်ဆိုင်ရာဦးစီးဌာနများနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်၊ မူဝါဒနှင့် လက်တွေ့လုပ်ငန်းများကို ချိတ်ဆက်နိုင်ရန် လက်တွေ့ကျကျ ဆွေးနွေးနိုင်မည့် အရေးပါသည့် ပလက်ဖောင်းတစ်ခုအဖြစ် အသုံးပြုသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မွေးမြူရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပညာရှင်များက တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်ပို့နိုင်မှုအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတိုးမြှင့်တင်ပို့နိုင်ရေး ရှေ့ဆက်ဆောင်ရွက်သင့်သည့် အကြောင်းအရာများ၊ ရင်းနှီးမြှုပ်နှံရာတွင် အဓိကအရေးပါသည့် မြေယာပိုင်ဆိုင်လုပ်ကိုင်မှုများနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ မြေအရင်းအမြစ်များနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုလုပ်ပိုင်ခွင့်ရရှိရန် လိုအပ်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ မွေးမြူရေး တိရစ္ဆာန်အစာ ဖူလုံရေးအတွက် အရည်အသွေးကောင်းမွန်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၏ အရေးပါမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့မှုအတွက် လူသားအရင်းအမြစ်၏ အရေးပါမှု၊ တိရစ္ဆာန်မွေးမြူရေးထုတ်ကုန် တိုးတက်စေရန်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ အခမ်းအနား တက်ရောက်လာကြသူများနှင့် အွန်လိုင်းမှ ပါဝင်တက်ရောက်လျက်ရှိကြသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ်များက မေးမြန်းခြင်း၊ ဆွေးနွေးအကြံပြုတင်ပြခြင်းများ ဆောင်ရွက်ကြပြီး ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးများက သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး

အုတ်တွင်း မတ် ၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဈေးရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းဝင်း၌ ထိုးနှံပေးသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နှင်းယမုံဝေဦးဆောင်၍ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား ပေါင်ချိန်တိုင်းခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ ဆုံဆို့နာ၊ ကြက်ညာချောင်းဆိုး၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါ စသည့်ငါးမျိုးစပ်ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗွီ)ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေးတိုက်ကျွေးခြင်း တို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ဗန်ကောက်မြို့၌ ဆောက်လုပ်ဆဲ ရုံးအဆောက်အအုံ ပြိုကျပျက်စီးမှုဖြစ်စဉ်အတွင်း သေဆုံး၊ ပျောက်ဆုံးသူများ၏ မိသားစုဝင်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ငွေများပေးအပ်

ဗန်ကောက် မတ် ၄

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုတ်ခတ်ခဲ့သည့် ငလျင်ကြောင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Chatuchak နယ်မြေ၌ ဆောက်လုပ်ဆဲ အစိုးရစာရင်းစစ်ရုံး အဆောက်အအုံ ပြိုကျပျက်စီးမှုဖြစ်စဉ်အတွင်း သေဆုံး / ပျောက်ဆုံးသူများ၏ မိသားစုဝင်များအား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ငွေ ပေးအပ်ပွဲကို မတ်၂ ရက်နံနက်ပိုင်းက ဗန်ကောက်မြို့ တော်ဝင်နာယကအောက်ရှိ ထိုင်းရှေ့နေများ ကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဘတ်တစ်သန်းစီပေးအပ်

အခမ်းအနားတွင် ငလျင်ကြောင့် ဆောက်လုပ်ဆဲ အဆောက်အအုံပြိုကျပျက်စီးမှု ဖြစ်စဉ်အတွင်း သေဆုံးသူနှင့် ပျောက်ဆုံးသူ စုစုပေါင်း ၁၃ဦး (မြန်မာ ၁၂ဦးနှင့်ထိုင်းတစ်ဦး)တို့၏မိသားစုဝင်များအား ITD-CREC ဖက်စပ်လုပ်ငန်းစုက ထောက်ပံ့ငွေ ဘတ်တစ်သန်းစီ ပေးအပ်သည်။

ယခုကျင်းပသည့် ထောက်ပံ့ငွေပေးအပ်ပွဲသည် ဖြစ်စဉ်အတွင်း သေဆုံး/ ဒဏ်ရာရ/ ပျောက်ဆုံးသူများအနက် စတုတ္ထအကြိမ်မြောက် စီစစ်အတည်ပြုပြီးသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ပြီး ယခင်ကလည်း စီစစ်အတည်ပြုမှု သုံးကြိမ်အတွင်း ဒဏ်ရာရသူ မြန်မာအလုပ်သမားခုနစ်ဦးနှင့် သေဆုံးသူ ၁၅ ဦးတို့ကို ITD-CREC ဖက်စပ်လုပ်ငန်းစုက ထောက်ပံ့ငွေပေးအပ်ခဲ့ပြီးဖြစ်သည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးက ဖြစ်စဉ်အတွင်း အသက်ဆုံးရှုံးခဲ့ကြသူများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြောင်းနှင့် နှစ်သိမ့်စကားများ ပြောကြားသည်။

ငလျင်ကြောင့် အဆောက်အအုံပြိုကျမှု ဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများအား နစ်နာကြေးပေးအပ်ရန်ထိုင်းရှေ့နေများကောင်စီ၏သဘောတူညီချက်ဖြင့် ကော်မတီတစ်ရပ်ထူထောင်ခဲ့ပြီး ယင်းကော်မတီ၏ စိစစ်အတည်ပြုချက်အရ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ရာ လက်ရှိအချိန်အထိ လေးကြိမ်စိစစ်မှုအတွင်း သေဆုံးသူ မြန်မာအလုပ်သမား ၂၇ ဦးနှင့် ဒဏ်ရာရသူ ခုနစ်ဦး ပေါင်း ၃၄ ဦးတို့အတွက် သေဆုံးသူတစ်ဦး လျှင် ဘတ်တစ်သန်းစီနှင့် ဒဏ်ရာရသူတစ်ဦးလျှင် ဘတ်နှစ်သိန်းစီဖြင့် စုစုပေါင်းထောက်ပံ့ငွေ ဘတ် ၂၈ သန်း ၄ သိန်း ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ညောင်လေးပင်မြို့နယ်၌ မြို့နယ်ဂုဏ်ဆောင်လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်

ညောင်လေးပင် မတ် ၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ၂၀၂၅-၂၀၂۶ ပညာသင်နှစ် မြို့နယ်ဂုဏ်ဆောင် လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက အထက(၁) ညောင်လေးပင် ပညာ့ဂုဏ်ရည် ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးလှမြင့်က အမှာစကား ပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ သန့်ဇော်လွင်၊ ညောင်လေးပင် ခရိုင်ပညာရေးမှူး၊ ခရိုင်တာဝန်ခံ ဆရာမကြီး ဒေါ်မြင့်မြင့်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ လူရည်ချွန်များ ဂုဏ်ပြုအလှူရှင် ဦးစိုးဝင်း (ရွှေနန်းတော်ဝင် စိန်ရွှေရတနာ ဆိုင်)က လူရည်ချွန်များအား ဂုဏ်ပြုရခြင်း ရည်ရွယ်ချက်နှင့် မြို့နယ်ဂုဏ်ဆောင် လူရည်ချွန်များ ထပ်မံပေါ်ထွန်းလာစေရေး အတွက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ခွန်အားပေးစကားများ ပြောကြားပြီး မြို့နယ်ဂုဏ်ဆောင် လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ရန်ကုန် မတ် ၄

လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိညောင်ပင်လေးဈေးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ယနေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

စစ်ဆေးဆောင်ရွက်

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစန်းအေး ဦးဆောင်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ကျောက်တံတားမြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ် ဦးစီးမှူး ဦးမျိုးမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ညောင်ပင်လေးဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်ဆင်အသုံးပြုထားသော လျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပစ္စည်းများ၊ အရေးပေါ် ဝင်/ထွက်လမ်းများ၊ ကုန်ပစ္စည်းထားသိုမှုများ၊ ဈေးအတွင်းအသင့်ထားရှိသော မီးသတ်ပစ္စည်းများ အသင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုများ စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၃-၂၀၂۶

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူး	ဗုလင်မိ	မြန်ကြီးနား	စစ်တွေ	တာဒေး	မေမင်လယ်ရှင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	-	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	[illegible]	[illegible]
95 Ron	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝဖြဂ- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝဖြဂ- ၄၁၁၂၅၂၊ ဝ၉-၄၀၁၇၄၅၅၉

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

၄ - ၃ - ၂၀၂۶ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ဧလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော်(အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဧလွန် မတ် ၄

ရောဝတီတိုင်း ဒေသကြီး ဧလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး ၏ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော် (အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယမန်နေ့က မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကျင်းပသည်။

တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော် (အောင်ပွဲ) အခမ်းအနားတွင် မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး အကျိုးတော် ဆောင်ဂေါပကအဖွဲ့၏ သြဝါဒ စရိယ သဖန်းကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တဥာဏာဘိက က အနုမောဒနာတရားချီးမြှင့်၍ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

ယင်းနောက် ၁၃၈၇ ခုနှစ် တပေါင်းလ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် (အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အသင်းအဖွဲ့များ၊ အလှူရှင်များ၏ စုပေါင်းဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲ လောင်းလှူပွဲကို မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားကြီးဝင်း အတွင်း၌ ကျင်းပရာ ဧလွန်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၄၀မှ သံဃာတော် အပါး ၅၄၀၊ သီလရှင် ၂၃ ပါး စုစုပေါင်း ၅၆၃ ပါးတို့အား ဆန် ၉၄ အိတ်၊ ဆီ ၂၈၂ ပိဿာ၊ ဝဲ ၅၆၄ ပြည်၊ ကြက်သွန်နီ ၅၆၄ ပိဿာ၊ လက်ဖက်ခြောက် ၅၆ ဒသမ ၄ ပိဿာ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၃၃၃၈၈၄၊ စာရေးတံမဲ အလှူငွေကျပ် ၉၆၅၀၀၀၀၊ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော် (အောင်ပွဲ) အခမ်းအနားတွင် ကြွရောက်လာသော ဆရာတော် သံဃာတော်များအား လှူဒါန်းငွေ ကျပ် ၇၉၀၀၀၀၀ စုစုပေါင်း လှူဒါန်းငွေ ၄၉၂၉၆၅၈၄ ကျပ် တို့ကို စုပေါင်းလောင်းလှူခဲ့ကြသည်။

ဧလွန်(ပြန်/ဆက်)

အောင်လံမြို့ ကုသိနာရုံတောင်တော်ဘုရားကြီး၏ ဗုဒ္ဓမြတ်စွယ်တော်တိုက် ဖွင့်လှစ်အပူဇော်ခံ

အောင်လံ မတ် ၄

အောင်လံမြို့ စမ်းချောင်းရပ်ကွက် (သမိုင်းဝင်)ကုသိနာရုံတောင်တော်ဘုရားကြီး၏ ဗုဒ္ဓမြတ်စွယ်တော်တိုက် ဖွင့်လှစ်အပူဇော်ခံပွဲကို မတ် ၂ ရက် (တပေါင်းလပြည့်နေ့)နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်က အနုမောဒနာကထာ လျှောက်ထားခြင်း၊ (သမိုင်းဝင်) ကုသိနာရုံတောင်တော်ဘုရား၏ ဂေါပကဥက္ကဋ္ဌ ဦးမြင့်သိန်းက ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲကျင်းပမှုနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားခြင်း၊ ဗုဒ္ဓမြတ်စွယ်တော်တိုက်အား ဖွင့်လှစ်အပူဇော်ခံခြင်းနှင့် အနေကဓာတင် အခမ်းအနားများကို ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုသိနာရုံတောင်တော်ဘုရားကြီး၏ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြို့မိမြို့ဖများ တက်ရောက်ပူဇော်ခဲ့ကြသည်။

ကိုခန့်

ကျိုက်ထိုမြို့နယ်၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ချီးကျူးပူဇော်ပွဲကျင်းပ

ကျိုက်ထို မတ် ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးနှစ်ပါးအား ပုနဂုဏာဝိသိဋ္ဌ မင်္ဂလာချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်ဆုတောင်းပြည့် ရွှေဘုံသာဘုရားဝင်း မင်္ဂလာမဏ္ဍာပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိန်မင်းထွန်း၊ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ ဘွဲ့တံဆိပ်တော်အဆောင်အယောင်နှင့် နဝကမ္မလှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ရာ ရတနာကံဦး

ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိက္ခသာရက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးလက် လမ်းတံတားများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရွှေတောင် မတ် ၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအထွေထွေ ပိုလျှံငွေဖြင့် ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန အင်ဂျင်နီယာချုပ်ဦးထွန်းဝေ (ပဲခူးတိုင်းတာဝန်ခံ)၊ ပြည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးဝဏ္ဏ၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့တို့နှင့်အတူ ရွှေတောင်မြို့နယ်အတွင်းရှိ ရွှေနတ်တောင်-ကျီးသဲလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ၀၀ ၆၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းကို အရည်အသွေးပြည့်မီအောင် စနစ်တကျဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သုတ

ရွှေပြည်သာမြို့နယ်စက်မှုဇုန်(၁)နှင့် ဝါးတစ်ရာ စက်မှုဇုန်တို့၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

ရွှေပြည်သာ မတ် ၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်စက်မှုဇုန်(၁)နှင့် ဝါးတစ်ရာစက်မှုဇုန်ရှိ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌနှင့် စက်ရုံအလုပ်ရုံ ၁၂၆ ရုံရှိ လုပ်ငန်းရှင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဝါးတစ်ရာ စက်မှုဇုန်ကော်မတီရုံး၌ ကျင်းပသည်။

အသိပညာပေးရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်း၊ 191 Report Application အသုံးပြု၍ မီးသတ်ဦးစီးဌာနသို့ သတင်းပို့သည့်စနစ်များ ရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် မီးဘေးလုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြို့မစျေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံရှိသူများ၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက မတ် ၄ ရက်မွန်းလွဲပိုင်းတွင် မြို့မစျေးကြီး၌ ကွင်းဆင်းစစ်ဆေးစဉ်။

လွိုင်လင်မိုး

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဖြိုးဝေလင်း၊ မြောက်ဥက္ကလာပမြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မတ် ၄ ရက် နံနက် ၉ နာရီတွင် စက်မှုဇုန်များ၊ နေအိမ်များ၊ စက်သုံးဆီဆိုင်များအား အသိပညာပေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ သက်လွင်မိုး(ပြန်/ဆက်)

Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော် - တပ်ကုန်း)သို့ လာရောက်လေ့လာ

နေပြည်တော် မတ် ၄

Naypyitaw State Academy အင်္ဂလိပ်စာ အထူးပြုဘာသာရပ် ပထမနှစ်မှ မဟာတန်း အထိ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၇ ဦးသည် အုပ်ချုပ်သူ ဆရာ ဆရာမ ၂၃ ဦး လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်လေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်း စွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ Video Clip ကို ပြသသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(စီမံ)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများက "ရှင်သန်နေမည် MRTV" တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

ထို့နောက် Naypyitaw State Academy အင်္ဂလိပ်စာအထူးပြုဘာသာရပ် ပထမနှစ်မှ မဟာတန်းအထိ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများသည် အဖွဲ့(၂)ဖွဲ့ခွဲ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Audio Mastering Studio ၊ News Channel Studio နှင့် Radio Recording Studio တွင် အသံသွင်းမှုအား လေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်ကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယို ခန်းများ၊ AI နှင့် Virtual Studio ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်ကျင်းပြသထားရှိမှုများအပေါ် သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းပြီး ကျောင်းသား ကျောင်းသူများက ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာဥာဏ်စမ်းပဟေဠိ ဖြေကြားမှုကို စိစစ်၍ ပြည့်စုံစွာ ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၆၀၂၂ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

နေပြည်တော် မတ် ၄

ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၆၀၂၂သိန်းတန်ဖိုးရှိမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တရားခံ ဘရန်ဆိုင်း(ခ)အားရင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက်နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့နယ် ဝက်ပံကျေးရွာအနီးတွင် ယောဘ(၂၁)နှစ်၊ ဘူတာရပ်ကွက် နောင်ချိုမြို့နယ်နေသူ မောင်းနှင်လာသော ISUZU D-MAX ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၉ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၂၂၅ သိန်း)၊ စိတ်ကြွရှူးသွပ်ဆေးပြား ၃၁၉၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၇၉၇ သိန်း)နှင့် မြန်မာငွေကျပ် ငါးသိန်းတို့ကို ဖမ်းဆီးရမိသဖြင့် ယောဘ(၂၁)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မတ် ၃ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လားရှိုးမြို့ အာရုံတော်ရပ်ကွက်ရှိ ဘရန်ဆိုင်း(ခ)အားရင်(၃၀)နှစ် ၄ားရမ်းနေထိုင်သည့်နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရှူးသွပ်ဆေးပြား ၈၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၈၈ သိန်း)၊ ဘိန်းဆီခဲ ၈ရမ် ၆၀ (တစ်ဂရမ်လျှင်ငွေကျပ် ၁၈၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၀၈ သိန်း)၊ အဆင့်နိမ့် ဘိန်းခပ်ခူး ၇ရမ် ၄၅၀ (တစ်ဂရမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၂၅သိန်း)တို့ကိုသိမ်းဆည်းရမိသဖြင့် ဘရန်ဆိုင်း(ခ) အားရင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ မတ် ၃ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ လွိုင်ကော်မြို့၊ ၈က(၅၀၀)ရပ်ကွက်တွင် မသက်ဘွယ်တွေ့ရှိသူ မလင်းလင်းစိုး(၄၄)နှစ် လောပိတစ်ပြကျေးရွာ မထောခူကျေးရွာအုပ်စု လွိုင်ကော်မြို့နယ်နေသူကို စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ကြွရှူးသွပ်ဆေးပြား ၅၁၉၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၁ ဒသမ ၉ သိန်း)ကို သိမ်းဆည်းရမိသဖြင့်မလင်းလင်းစိုးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်များတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ အကြံပြုခြင်းလုပ်ငန်းများကို မတ် ၄ ရက် နံနက်ပိုင်းတွင် ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်စဉ်။

ချမ်းသာ(မိတ္ထီလာ)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ်အတွင်းရှိ စျေးများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းဝိန် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ စျေးတာဝန်ခံများဖြင့် မတ် ၄ ရက် နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်ဆင်အသုံးပြုထားသော လျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပစ္စည်းများ၊ စျေးအတွင်းအသင့်ထားရှိသော မီးသတ်ပစ္စည်းများ အသင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုများ စစ်ဆေးဆောင်ရွက်စဉ်။

မြတ်မြတ်အေး(ပြန်/ဆက်)

မြောင်းမြမြို့၌ စျေးမီးဘေးလုံခြုံရေး ဆော်သြစစ်ဆေးခြင်းများ ဆောင်ရွက်

မြောင်းမြ မတ် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ စျေးများ၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို မတ် ၃ ရက် ညနေပိုင်းက ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သည့် တပ်ဖွဲ့များက စျေးတာဝန်ခံများနှင့်အတူ စျေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

မြောင်းမြ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ မီးပေါ့ဆမှုမရှိစေရေးအတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် အပတ်စဉ် လှည့်ဆော်သတိပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

လျှပ်စစ်ဓာတ်အားခန္ဓနန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခန္ဓနန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်းရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု (Line Fault and System Breakdown) မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး အဆိုပါဓာတ်အားအတွက် ပုံသေဓာတ်အားခန္ဓနန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက်အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခန္ဓနန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နှင်းမှုအပေါ်မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခန္ဓနန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက်သတ်မှတ်နှန်း)ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခန္ဓနန်းထားသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

စဉ်	ဓာတ်အားသုံးစွဲသူအမျိုးအစား	ဓာတ်အားခန္ဓနန်းထား	
		သုံးစွဲယူနစ်အလွှာ	ကျပ်
(က)	**အိမ်သုံးအမျိုးအစား**		
	[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း(အိမ်သုံး)၊	၁ မှ ၅၀ ယူနစ်အထိ	၅၀
	စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာအဆောက်	၅၁ မှ ၁၀၀ ယူနစ်အထိ	၁၀၀
	အဆို] **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း**	၁၀၁ မှ ၂၀၀ ယူနစ်အထိ	၁၅၀
	ပြောင်းလဲမှု မရှိပါ။	၂၀၁ ယူနစ်နှင့် အထက်	၃၀၀
(ခ)	**အိမ်သုံးမဟုတ်သည့်အမျိုးအစား**		
	[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲ	၁ မှ ၅,၀၀၀ ယူနစ်အထိ	၂၅၀
	တည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊	၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်	
	နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊	အထိ	၄၀၀
	မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊		
	အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊		
	နိုင်ငံတကာအဖွဲ့အစည်းများ]		
	မှတ်ချက်။		
	(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲ		
	မှု မရှိပါ။		
	(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုနိုင်နင်း		
	ခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက်မှု (Load Shed)		
	ရှိနိုင်ပါသည်။		
	(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်		
	ရှိသော စက်မှု / စီးပွားရေးလုပ်ငန်းများက ပုံသေ		
	ဓာတ်အားခန္ဓနန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်		
	၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း		
	ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။	၂၀,၀၀၁ယူနစ်နှင့်အထက်	၅၀၀
(ဂ)	**သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အား**		
	ဖြတ်တောက်မှုမရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုနှန်၊	၁ ယူနစ်နှင့်အထက်	၉၀၀
	အထူးစီးပွားရေးဇုန်နှင့် စက်မှု / စီးပွားရေးလုပ်ငန်းများ		
	အမျိုးအစား		

၆။ ဤလျှပ်စစ်ဓာတ်အားခန္ဓနန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်၊ သစ္စာအားမာန်အသင်း အနိုင်ရ

ရန်ကုန် မတ် ၄

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်စေးပြိုင်ပွဲ ပွဲစဉ်(၂၀) ပထမနေ့နှင့် ဒုတိယနေ့ကို မတ် ၃ ရက်နှင့် ၄ ရက်က ကျင်းပရာ ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ အနိုင်ရရှိသည်။

ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

မတ် ၃ ရက်က သုဝဏ္ဏကွင်းခ်ဲ့ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် လက်ဆောင်ဂိုးဖြင့် အနိုင်ယူပြီး လက်ကျန်နှစ်ပွဲ အလိုမှာပင် တတိယနေရာရရန် သေချာခဲ့သည်။ မဟာယူနိုက်တက်အသင်းမှာမူ ရှုံးပွဲနှင့်အတူ ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန်သာ ကြိုးပမ်းရတော့မည်ဖြစ်သည်။ ၂၁ မိနစ်တွင် မဟာယူနိုက်တက် နောက်ခံလူထက်ဇော်ထွန်း ကိုယ့်ဂိုးကို သွင်းမိခဲ့သဖြင့် ဒဂုံစတားယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။

မတ် ၄ ရက်က သုဝဏ္ဏကွင်းခ်ဲ့ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် လက်ကျန်မျှော်လင့်ချက်အတွက် ဟံသာဝတီကို ဂိုးပြတ်သွင်းယူပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းကို ဆက်လက် ဖိအားပေးနေသည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ယခုပွဲတွင် ခြေစွမ်းမပြနိုင်ဘဲ ပထမပိုင်းမှာပင် သုံးဂိုးအထိခွင့်ပြုခဲ့ရသည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄ မိနစ်၊ မိနစ် ၆၀ တွင် ဟိန်းဇေယျာလင်း၊ ၂၄ မိနစ်တွင် မောင်မောင်လွင်၊ ၃၃ မိနစ်တွင် ရင်တာရိုဟာမာတို့က သွင်းယူသည်။

သန်လျင် သီဟဒီပကွင်းခ်ဲ့ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက အား/ကာသိပ်ပွဲအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်အန္တရာယ်မှ ရှုန်းထွက်နိုင်ရေး အမှတ်လိုနေသည့် သစ္စာအားမာန်အသင်းသည် နောက်ကျဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ၄၁ မိနစ်တွင် မြတ်ဘုန်းခန့်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၆၄ မိနစ်တွင် စစ်ဇြင်မိုးချမ်းဦးက အား/ကာသိပ်ပွဲအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကို ၉၀+၂ မိနစ်တွင်ပြည့်စုံအောင်က သွင်းယူသည်။

ပွဲစဉ်(၂၀) တတိယနေ့ကို မတ် ၅ ရက်တွင် သီဟဒီပကွင်းခ်ဲ့ ဆက်လက် ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ဇရာဝတီ ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏စီမံမှုဖြင့် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ သုဝဏ္ဏစျေးနှင့် မြို့မစျေးတို့၌ မီးသတ်မူရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးဇြွမ်းသတ်သရုပ်ပြသခြင်း၊ လိုက်လံစစ်ဆေးခြင်းတို့ကို မတ် ၄ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ မြို့မစျေးအတွင်း၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဇြွမ်းသတ်ရေးသရုပ်ပြဓာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၄ ရက် နံနက်ပိုင်းက နယ်မြေမီးသတ်စခန်းတာဝန်ခံနှင့် ပူးပေါင်းအဖွဲ့က အဆိုပါစျေးနေရာတွင် ဆောင်ရွက်စဉ်။

ဝိုးတောင်း

ဇေယျာသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင် ဦးဆောင်ကြီးကြပ်မှုဖြင့် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက မတ် ၄ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများ စုစုပေါင်း ၁၅၀ အား မီးသတ်ဆေးဘူး အသုံးပြုနည်းများနှင့် လက်တွေ့ဗီးဇြွမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်စဉ်။

ထွန်းလင်း(ဇေယျာမြေ)

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် YRG အသင်း ပွဲ ၂၀ ဆက် အနိုင်ရ

ရန်ကုန် မတ် ၄

၂၀၂၅-၂၀၂၆ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၂၀)ကို မတ် ၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဧယားထိပ်ဆုံးမှ YRG အသင်း ပွဲ ၂၀ ဆက်တိုက် အနိုင်ရခဲ့သည်။

ပွဲစဉ်(၂၀)တွင် Gold Dream အသင်းက SGF အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ M2K အသင်းက MIU အသင်းကို ငါးဂိုးပြတ်၊ Team Lions အသင်းက Chinland အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ VUC အသင်းက United City အသင်းကို ခြောက်ဂိုး-ငါးဂိုး၊ YRG အသင်းက TG United အသင်းကို ငါးဂိုး-တစ်ဂိုး၊ YCDC Dream Team အသင်းက Pacific Sun Far အသင်းကို ၂၄ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ်(၂၀)အပြီးတွင် YRG အသင်းက ရမှတ် ၆၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး YCDC Dream Team အသင်းက ၅၇ မှတ်၊ MIU အသင်းက ၄၁ မှတ်၊ M2K အသင်းက ၃၆ မှတ်၊ VUC အသင်းက ၂၉ မှတ်၊ TG United အသင်းက ၂၈ မှတ်၊ Pacific Sun Far အသင်းက ၂၁ မှတ်၊ Team Lions အသင်းနှင့် SGF အသင်းက ရမှတ် ၂၀ စီ၊ Gold Dream အသင်းက ၁၃ မှတ်၊ Chinland အသင်းက ကိုးမှတ် ရရှိထားသည်။

YRG အသင်းနှင့် TG United အသင်းတို့ ယှဉ်ပြိုင် ကစားကြစဉ်။

ပြိုင်ပွဲပြီးဆုံးရန် လက်ကျန်နှစ်ပွဲအလိုတွင် ၁၃ မှတ် ရရှိသည့် Gold Dream အသင်းနှင့် ကိုးမှတ်ရရှိထားသည့် Chinland အသင်းတို့ တန်းဆင်းရန် သေချာသွားပြီဖြစ်သည်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MFF

❍ MFF ဖူဆယ်လိဂ်-၂ မှ ရွှေပြည်သာယူနိုက်တက် အသင်းကို ရှစ်ဂိုး-တစ်ဂိုး၊ KKY အသင်းက 7 Dragon အသင်းကို ရှစ်ဂိုး-သုံးဂိုး၊ Black Cross အသင်းက A.C Milksteak အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Maryar Noka အသင်းက Kyaung Sayar Tharhtwe အသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ Galaxy အသင်းက ULAD အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး 7 Brother အသင်းနှင့် JZ Yangon အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၂၀)အပြီးတွင် Galaxy အသင်းက ရမှတ် ၅၅ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး 7 Brother အသင်းက ၄၆ မှတ်၊ ULAD အသင်းက ၄၂ မှတ်၊ Maryar Noka အသင်းက ၄၁ မှတ်၊ YRG Academy အသင်းက ၃၇ မှတ်၊ 7 Dragon အသင်းက ၃၂ မှတ်၊ KKY အသင်းက ၂၉ မှတ်၊ Kyaung Sayar Tharhtwe အသင်းက ၂၀ မှတ်၊ JZ Yangon အသင်းက ၁၈ မှတ်၊ A.C Milksteak အသင်းက ၁၃ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ၁၀ မှတ်၊ Black Cross အသင်းကခြောက်မှတ် ရရှိထားသည်။

သတင်း - ရွှင်းထက်ဇော်
ဓာတ်ပုံ - MFF

◆ ဝုလ်ဗာဟမ်တန်မှ

အဲဒီပွဲစဉ်မှာ ဝုလ်ဗာဟမ်တန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလီဂ်အမှတ်ပေးဧယား အဆင့်(၄)နေရာ တက်လှမ်းနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပါတယ်။

လီဗာပူးအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလီဂ်ပွဲစဉ်(၂၉) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၈ မှတ်သာစုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဧယား အဆင့်(၄)နေရာက အက်စတွန်ဗီလာအသင်းနဲ့ သုံးမှတ်ကွာအနေအထားမှာရှိနေခဲ့တာ ဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းကတော့ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလီဂ်ပွဲစဉ်(၂၉)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၆ မှတ်နဲ့ အမှတ်ပေးဧယားအောက်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဝုလ်ဗာဟမ်တန်အသင်းအနေနဲ့ လီဗာပူးအသင်းကိုအနိုင်ရရှိခဲ့တာဟာ ယခုဘောလုံးရာသီအတွင်း ပရီမီယာလီဂ်ပွဲစဉ်တစ်လျှောက် သုံးပွဲမြောက် အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဌေကြယ်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရုပ်ကွက် အမှတ်(၅)၊ ဘုရင့်နောင်(၁)လမ်း၊ မြေကွက်အမှတ်-၁၁၄၄/ခ၊ အကျယ်အဝန်း (၂၀၀၀x၆၀၀)ရှိ မြေကွက်သည် ဦးတင်မောင်(K/RGN-၀၃၅၄၅၅) အမည်ပေါက် နှစ်(၆၀)ဂရန်နံပြားမြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်သူထံမှ ဆက်စပ်အရောင်းအဝယ် စာချုပ်အရ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဖခင် ဦးတင်ဌေးနှင့် မိခင် ခေါ်သန်းမြင့်တို့ ကွယ်လွန်ပြီးဖြစ်၍ (၁) ဦးမျိုးသန်း(၁၄/ဘကလ(နိုင်)၂၄၃၇၀၆)၊ (၂) ဒေါ်ဆွေဆွေဝင်း (၁၄/ဘကလ(နိုင်)၀၀၀၁၆၉)၊ (၃) ဒေါ်သင်းသင်းလှ(၁၄/ဘကလ(နိုင်)၁၈၂၈၇၃)တို့မှ မိမိတို့(၃)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေခံအရင်းမရှိသောကြောင့် ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသဖြင့် **ဒေါ်စန္ဒာသွင်[၁၀/ဃလမ(နိုင်)၀၀၉၉၃၆] (ပါ-၄ဦး)တို့မှ** အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေဆို တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်နိဿိုလုံးသာ အထောက်အထား(မူရင်း)များဖြင့် ကျွန်စံထံသို့ ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ရှုနိုးကြားချက်အရ-
ဒေါ်ခင်သန္တာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)
အမှတ်-၃၀၈၊ အေးခြောယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံပြိုသစ်(မြောက်ပိုင်း)
မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၂၈၀၁၃၊ ၀၉-၇၈၆၃၁၂၂၀

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်-၄၁၄/ဂ၊ ဦးပိုင်အမှတ်- ၇၂၊ ၃၂၊၄၃၅ လမ်းကြား၊ ၆၀x၆၅ လမ်းကြားရှိ ဂရန်မြေကွက်မည်ပေါက်သူ ဦးရဲကွေချင် [၁၃/လရန(နိုင်)၀၉၀၇၅၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၃၈၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြူကြူအေး[၁/မည၇(နိုင်)၀၀၁၈၆၉]က ဂရန်စာချုပ်တင်ပြၗ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြိုးပြစီစံကိန်းနှင့် မြေစီစံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်-၄၁၇ ဦးပိုင်အမှတ်-၄၅၅-ဇာ/၂ ခစင်း/ ဆင်လမ်းမကြီးနှင့် စက်မှုလက်မှုသင်တန်းကျောင်းကြား၊ ၆၀-လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်မည်ပေါက်သူ ဒေါ်ကြင်အေး [၉/မနမ(နိုင်)၁၂၆၆၂၉]က ဂရန်စာချုပ်တင်ပြၗ် ခစင်းပြ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြိုးပြစီစံကိန်းနှင့် မြေစီစံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖြင်ဆင်ဖတ်ရှုပါရန်

၂-၂-၂၀၂၆ ရက်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၇)တွင် ပါရှိသော အကွက်အမှတ်-၁၃-၁၅ ဦးပိုင်(၇)ကြော်ငြာစာမှ ခစင်းပြမှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် အတွက် အစား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ယာဉ်အမှတ်-9M-1493 အမျိုးအမည် Forland BJ3042 D8PFA-E2 အမျိုးအစား Dump Truck (4x2)(L)၊ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် [၁၀/သထန(နိုင်)၂၂၁၅၇၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.နမ ခရိုင်ရုံး(သထုံ)

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်-၄၁၅-မ/၃၃၊ ဦးပိုင် အမှတ်- ၄ ခစင်း/၃၈၅ လမ်းကြား၊ ၇၉x၈၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းအောင် [၉/မနမ(နိုင်)၀၀၁၇၆၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးပြုံးမောင်မောင်ဝိုလ(၁)ဖုန်းဖြင့် [၉/မကန(နိုင်)၀၉၀၁၄၇]က ဂရန် စာချုပ်တင်ပြၗ် ခစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြိုးပြစီစံကိန်းနှင့်
မြေစီစံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် (၄၉)၊ လူနေရပ်ကွက်အမှတ် (ကဲ၃)၊ မြေကွက်အမှတ်(၁၈/ဓ၁)။ ဧရိယာ (၀.၀၉၄)ကေရှိ B လ၊/နေ-၃၉ မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးအောင်ဖြင့် [၁/တမန(နိုင်)၀၃၆၄၅၁]နှင့် ဒေါ်အေးအေးသောင်း [၁/တမန(နိုင်)၀၆၇၁၁]တို့၏ အမည်ဖြင့်မှတ်သားတည်ရှိပြီး မိမိတို့သာလျှင် ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ထွန်းဖေဝေးဒေါ်ဘဏ်တွင် ပေါင်နှံထားခြင်းမှအပ အရှုပ်အရှက်းကင်းရှင်းကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်စံ၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါမြေကွက်နှင့် အဆောက်အဦးအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်စံထံသို့ ယနေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ရှုနိုးကြားချက်အရ
ဦးမြတ်မောင်ဌေး(LL.B, D BL, DIL, DML)
အထက်တန်းရှေ့နေ(စဉ်-၃၈၈၆)
အမှတ်-၅၆/၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့်
မဟာစမ္ဘလပန်းပြဲလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၅

ရန်ကုန်တိုင်းဒေသကြီး။ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်-၁၊ အရှေ့(၁)ရပ်ကွက်၊ တူပါရုံ(၆)လမ်း၊ မြေကွက်အမှတ်-၁၂၇၉၊ အကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်ခိုင်စန္ဒာမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိ ပိုင်ဆိုင်ထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူဂရန် အမည်ပေါက်ပိုင်ရှင် ဒေါ်ခိုင်စန္ဒာမြင့် [၆/မမန(နိုင်)၁၃၃၁၇၇]ထံမှ ဝယ်ယူရန် အတွက် ကျွန်စံပိတ်ဆွေဖြစ်သူ ဒေါ်ချောစုစုအုန်းမှ စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော မြေကွက်ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်အတူ ကျွန်စံထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ရှုနိုးကြားသူ
ဒေါ်ချောစုစုအုန်း
[၈/မတန(နိုင်)၁၂၀၄၃၀]

လွှဲအပ်ရှုနိုးကြားချက်အရ
ဒေါ်ခင်မာလွင်(LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅)
အမှတ်-၁၁၂ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၅၁၁၈၆၆၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၃၀၄)၊ အကျယ်အဝန်း(အလျား ၄၀ ၀၀ x အနံ ၆၀ ၀၀) ပေါ်တွင် မြေရှင်နှင့်ကန့်ထရိုက် အကျိုးတူတည်ဆောက်ထားသော (၃)ခန်းတွဲ (၆) ထပ်တိုက်၏ ကန်သဲရိုက်ဘက်အခြမ်းမှ (၇)လွှာ(အလယ်ခန်း)၊ အကျယ်အဝန်း(အလျား ၁၅ ပေကျော ၀၀)တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ မီး မီတာအပါအဝင် အခြားအကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဦးခေါ်မင်းထွန်း [၁/သလန(နိုင်)၁၈၈၇၆၈]ထံမှ ကျွန်စံပိတ်မိတ်ဆွေများဖြစ်ကြသောဦးခေါ်လင်းဦး [၇/မမန(နိုင်)၁၁၃၃ဂ၇]နှင့် ဒေါ်ဖြူဖြူမြင့် [၇/မမန(နိုင်)၀၈၅၂၉၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် (၃-၃-၂၀၂၆)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်စံနှင့် အခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ရှုနိုးကြားချက်အရ
ဒေါ်သန်းမြင့် [LL.B, WIPO (Switzerland)]
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)
၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက် ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၈၆၃၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ လူနေရပ်ကွက်အမှတ် (ကဲ၃)၊ မြေကွက်အမှတ်(၁၈/ဓ၁)။ ဧရိယာ (၀.၀၉၄)ကေရှိ B လ၊/နေ-၃၉ မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဦးအောင်ဖြင့် [၁/တမန(နိုင်)၀၃၆၄၅၁]နှင့် ဒေါ်အေးအေးသောင်း [၁/တမန(နိုင်)၀၆၇၁၁]တို့၏ အမည်ဖြင့်မှတ်သားတည်ရှိပြီး မိမိတို့သာလျှင် ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ထွန်းဖေဝေးဒေါ်ဘဏ်တွင် ပေါင်နှံထားခြင်းမှအပ အရှုပ်အရှက်းကင်းရှင်းကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်စံ၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါမြေကွက်နှင့် အဆောက်အဦးအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်စံထံသို့ ယနေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ရှုနိုးကြားချက်အရ
ဦးမြတ်မောင်ဌေး(LL.B, D BL, DIL, DML)
အထက်တန်းရှေ့နေ(စဉ်-၃၈၈၆)
အမှတ်-၅၆/၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့်
မဟာစမ္ဘလပန်းပြဲလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၅

ဝေွးသည် အသက်

အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံခြင်းအကြဋ္ဌပဒေပုဒ်မ-၃၇၃)
တွံတေးခရိုင်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမအတွေထွေမှုအမှတ်-၆
ကွယ်လွန်သူ ဦးကျင်စိန်၏ ကျန်ရစ်ဝေါဟာရနှင့် စပ်လျဉ်းသည့်အမှု

ခေါ်ယဉ်မြင့် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ထမ္မနိုင်ကျေးရွာနေ ခေါ်ယဉ်မြင့်က ကွယ်လွန်သူ ဦးကျင်စိန်၏သမီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ထမ္မနိုင်ကျေးရွာ နေ ၎င်းကွယ်လွန်သူ ဦးကျင်စိန်ကျန်ရစ်သော ပစ္စည်းများထဲမှရရန်ရှိသော ကြေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးခွဲ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးကျင်စိန်ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက် (၁၃၈၇ ခု၊ တနင်္ဂနေလဆန်း ၉ ရက်) နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ခေါ်ယဉ်မြင့်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်-မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်စံပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးဆိနိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
တွံတေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၅ နည်း၌ပဒေ ၂၀)
သာကေတမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၄

၁။ ဦးကျော်ဇင်ကို နှင့် ၁။ ဦးညိုး
၂။ ဒေါ်အေးမြင့်စန်း ၂။ဒေါ်မြေရီ

တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး။ သာကေတမြို့နယ်၊ (စ)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၂၂၉)နေ့ ၁။ ဦးညိုး၊ ၂။ ဒေါ်မြေရီ(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ၁။ ဦးကျော်ဇင်ကို၊ ၂။ ဒေါ်အေးမြင့်စန်းတို့က ကတိပေ၌ညွှတ်သောတိုင်းမှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပြောဆိုနိုင်သည့် ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၅ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်း၊လင်းနိုင် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဤရုံးတော်တစ်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြရွှေစင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
သာကေတမြို့နယ်တရားရုံး

ကြော်ငြာစာ
(ကုလားပဲ)

ဦးခေမဝ၀ လျှောကိတ်ထားသူ

ရန်ကုန်တိုင်းဒေသကြီး။ ဘဏ္ဍာရေးဦးစီး(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်– ၁၄၉၄ နေ့ ဦးခေမဝ၀ က ဘဏ္ဍာယွဲ့ကတိတရားတော်ဘုရား၏ မြေးတော်စပ်သည်ဟူ၍ အတူနေ ၎င်းကွယ်လွန်သူ ဘဏ္ဍာယွဲ့ကတိတရားတော်ဘုရား၏ ကျွန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြေးမြိတ္တူများကိုကောက်ခံရန် အမေ့ဆက်ခံခြင်းအက်ဥပဒေအောက် လက်မှတ်စာရင်းရယူကြောင်း ဤရုံးမှ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဘဏ္ဍာယွဲ့ကတိတ တရားတော်ဘုရား၏ ကျွန်ရှိသော ပစ္စည်းများအပေါ်၌ ရရန်ရှိသူပုဗ္ဗသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်)နေ့ နံနက် (၁၀:၃၀)နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးခေမဝ၀၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဤရုံးတော်တဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးသူစောဦး)
တွဲဖက်ရေးမှူးတရားသူကြီး(၂)
ကျောက်တံတားခရိုင်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–ခ ရပ်ကွက်၊ အကွက်အမှတ်(၃–၁)၊ ဦးပိုင်အမှတ်(၂၀)၊ ၃၇၊၃၉ နေ့ ၊ ၃၇ လမ်းကြား၊ ၆၅၊၆၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမြင့် (၉/အမရ (နိုင်) ၀၆၂၃၀၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရေးဝင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်(၄)၊ လူနေ ရပ်ကွက်အမှတ် (၈)၌ ဦးအောင်ဝေယုလမ်း၊ အမှတ်(၃၃၉/ခ)၊ ဦးစောထွန်းဦး အပည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်း၊ ၆၀(၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများ မှန်ကန်ပါကြောင်း ပိုင်ရေးဆိုင်ခွင့်ရှိ၍ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး သွဲ့ပြောင်းရောင်းချင်ပြီးကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဦးစောကောခွန်ဦး(၁/ရုပသ(နိုင်)၀၃၈၀၉၇)က ကမ်းလှမ်းလာပါသဖြင့် ကျွန်ပ်၏ မိတ်ဆွေ ဦးခေါ်(၉/ညဇန(နိုင်)၁၃၃၉၄)မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ကျွန်ပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စ အဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ယင်ယင်ဦးဈေး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၄၆)
အမှတ်–၂၁၆(ခ)၊ မန္တလေးလမ်း။(၆/ဥရဝ)ကုန်တိုး၊ ရွှေပြည်သာမြို့နယ်။
ဖုန်း–၀၉–၄၃၆၂၂၂၁၀

အမွေပြတ်စွန့်လွှတ်ပြီးကြောင်း
အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး။ ကျိုပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ရေတာကြီး ကျေးရွာအုပ်စု၊ အုန်းပင်စုကျေးရွာ ဒေါ်သန်းထွေး (၁၄/ကကန(နိုင်)၀၁၆၁၁၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းထွေး (၁၅) ဦးစံမြ (၁၄/ကကန(နိုင်)၀၁၆၁၁၈) နှင့် ဦးမောင်ဝဲ(၁)ဦးမောင်ဃင်(၂) (၁၅) ဦးဖိုးတူး (၁၄/ကကန(နိုင်)၀၁၆၈၄၂)တို့၏ သမီးအလတ် ဖြစ်သူ မစ်ယယ်လိုင် (၁၄/ကကန(နိုင်)၁၃၉၃၃၃) မှာ မိဘများအား အကြိမ်ကြိမ် စိတ်ဒုက္ခမျိုးစုံပေးခဲ့ ဆိုးသွမ်းလွန်းသောကြောင့် လွန်ခဲ့သော (၃၁–၈–၂၀၂၅)ရက်ကတည်းက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖများနှင့် အသိသက်သေ လူကြီးမင်းများ၏ ရှေ့မှောက်တွင် ခံဝန်ကတိဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ရပ်သိရှာသီ အတိအလင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် ၃၁–၈–၂၀၂၅ ရက်မှစတင်၍ မစ်ယယ်လိုင် (၁၄/ကကန(နိုင်)၁၃၉၃၃၃)နှင့်ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်ပ်မိတ်ဆွေ ဒေါ်သန်းထွေးမှ တာဝန်ယူမည် မဟုတ်ပါကြောင်းနှင့် ကျွန်မနှင့် သက်ဆိုင်သည့် ရွှေပြောင်းနိုင်သည့်စပ္ပယ်။ ရွှေပြောင်းနိုင်သည့်ပစ္စည်းအားလုံးတို့မှာလည်းနှင့်သက်ဆိုင်ခြင်း မရှိပါကြောင်း ၎င်းမှာ ကျွန်ပ်မိတ်ဆွေ အမွေပြတ်စွန့်လွှတ်ပြီးသော သမီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သန်းထွေး(၁၅)ဦးစံမြ
(၁၄/ကကန(နိုင်)၀၁၆၁၁၈)
အုန်းပင်စုကျေးရွာ
ရေတာကြီးကျေးရွာအုပ်စု
ကျောင်းကုန်းမြို့နယ်၊
ကျိုပျော်ခရိုင်
ဧရာဝတီတိုင်းဒေသကြီး။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်စသက်စုထွေး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၉၉၃)
အမှတ်(၁၁၀)၊ အရှေ့နစ်ထောင်တန်(၄)လမ်း။
ရကအ (၆)၊ ပုသိမ်မြို့
ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၂)၊ ပေါ်ဦးလမ်း၊ မြေကွက်အမှတ်(၉၀၇/က)၊ ဦးကိုကြီး(MYGN.000073) စာအမှတ် (၆၂၄) ပါမစ်မှရင်းအရည်ပေါက် (၂၀×၆၀)ပေမြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းမှလက်ရှိလက်ဝယ်၊ ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှေ့ပိုင်းရှင်ကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်စာချုပ်မှရင်းအဆက်စပ်များနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်သင် မင်းသန့်ထံမှ ကျွန်ပ်၏မိတ်ဆွေ ဦးပြည်ပြိုးအောင်မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကြီးယ်တိုင် ကျွန်ပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးပြည်ပြိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စာမြည်သက်(LL.B)
အထက်တန်းရေနေ (စဉ်–၄၀၁၀)
ဝဝ–၄၄ဝ၉ဝ၆ဝ၄

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေ ရပ်ကွက်အမှတ် (၈)၌ ဦးအောင်ဝေယုလမ်း၊ အမှတ်(၃၃၉/ခ)၊ ဦးစောထွန်းဦး အပည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်း၊ ၆၀(၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ် စာတမ်းများ မှန်ကန်ပါကြောင်း ပိုင်ရေးဆိုင်ခွင့်ရှိ၍ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး သွဲ့ပြောင်းရောင်းချင်ပြီးကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဦးစောကောခွန်ဦး(၁/ရုပသ(နိုင်)၀၃၈၀၉၇)က ကမ်းလှမ်းလာပါသဖြင့် ကျွန်ပ်၏ မိတ်ဆွေ ဦးခေါ်(၉/ညဇန(နိုင်)၁၃၃၉၄)မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ကျွန်ပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စ အဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရွှေဆည်(၁) ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကေဝမိုး (LL.B , D.B.L, C.B.L) အထက်တန်းရေနေ (စဉ်– ၃၄၄၀၂)
အမှတ်(၂၇၀/က–ခ)၊ တာပင်ရွှေထီးလမ်း။ ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း။
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၂၀၈၅၂၉၀

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၂၄၄)၊ ဦးပိုင်အမှတ်(၇၄×၇၅)၊ ၂၇လမ်း၊ ၈၆×၈၇ လမ်းကြားရှိ ဘိုးဘကြေကွက် အမည်ပေါက်သူ ဦးစိုင်းကျော်ထင် (၉) ဦးကျော်ထင် (၉/မနမ (နိုင်)၀၂၃၇၅၁) ဒေါ်နန်းသီးမော် (၃) သားနန်းမော် (၉/မနမ (နိုင်) ၀၂၃၇၅၂)တို့၏ အထူးကိုယ်စားလှယ်လွှဲအာမခံ(၁၁၇၇၈/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစော်ဝင်းထူး (၉/ဝရတ (နိုင်) ၁၂၂၈၇၂)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရေးဝင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၁၁၄/က)၊ ဦးပိုင်အမှတ်(၉၇)၊ ၃၂ဒုတိ ၃၃ လမ်းကြား၊ ၆၀×၆၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရဲကြွေချင် (၁၃/လရခ (နိုင်) ०၉०၇၅၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၃၈၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြူကြူအေး (၁/မည၃(နိုင်) ०၀၁၈၆၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရေးဝင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

